# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

# စီးပွားရေးသံမှူး သတင်းလွှာ

1(8/2022)

သတင်းများ

| | | |
|---|---|---|
| Germany | - | ၁ |
| Deperment of Trade | - | ၅ |
| Myantrade | - | ၉ |
| Ministry of Planning and Finance | - | ၄ |
| China(Kunming) | - | ၃ |
| Ministry of Commerce | - | ၁ |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်

သုတေသနဌာနခွဲ၊

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး

ဝန်ကြီးဌာန၊

ရုံးအမှတ်(၃)၊ဥတ္တရသီရိမြို့နယ်၊


နေပြည်တော်

ဖုန်း - 0673408624

0673408645

e-mail-tirnpt2020@gmail.com

## အင်ဒိုနီးရှားနိုင်ငံက စင်ကာပူနိုင်ငံသို့ ကြက်သားတင်ပို့တော့ မည်ဟု စိုက်ပျိုးမွေးမြူရေးဝန်ကြီးဌာနက ပြောကြား



မလေးရှားနိုင်ငံမှ ကြက်သားနှင့် ကြက်သားထုတ်ကုန်များအား ပြည်ပသို့ တင်ပို့မှုကို ပိတ်ပင်ခဲ့ပြီးနောက် စင်ကာပူနိုင်ငံ စားနပ်ရိက္ခာဌာန (Sin - gapore Food Agency-SFA) သည် ပြည်တွင်း လိုအပ်ချက်ကြောင့် အင်ဒိုနီးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံအပါအဝင်ကြက်သားရရှိနိုင်သည့်အရင်းအမြစ်များမှ ကြက်သားနှင့် ကြက်သားထုတ်ကုန်များအား တင်သွင်းခွင့်ပြုသွားရန် အသိပေးကြေညာချက် ထုတ်ပြန်ခဲ့ပါသည်။ အင်ဒိုနီးရှားနိုင်ငံရှိ ကုမ္ပဏီများအနေဖြင့် မကြာမီကာလအတွင်း စင်ကာပူနိုင်ငံသို့ ကြက်သားနှင့် ကြက်သားထုတ်ကုန်များကို တင်ပို့တော့မည်ဟု Channel News Asia(CNA) ၏ စုံစမ်းမေးမြန်းမှုအား အင်ဒိုနီးရှားနိုင်ငံ၊ စိုက်ပျိုးမွေးမြူရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် စင်ကာပူနိုင်ငံအစိုးရအနေဖြင့် အင်ဒိုနီးရှားနိုင်ငံမှ ကြက်အရှင်အပါအဝင် အအေးပေးကြက်သား၊ အေးခဲကြက်သားနှင့် ပြုပြင်စီမံထုတ်လုပ်ထားသည့် ကြက်သားထုတ်ကုန်များအားသွင်းကုန်အနေဖြင့် တင်သွင်းခွင့်ပြုသွားမည်ဟု အသိပေးကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပါသည်။ စင်ကာပူနိုင်ငံ စားနပ်ရိက္ခာဌာန (Singapore Food Agency-SFA) ၏ ပြောကြားချက်အရ အင်ဒိုနီးရှားနိုင်ငံမှ ကုမ္ပဏီ ၃ ခုအား ကြက်သားနှင့် ကြက်သားထုတ်ကုန်များ တင်သွင်းနိုင်ရန် အတည်ပြုထောက်ခံချက်များ ခွင့်ပြုထုတ်ပေးလိုက်ပြီဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါကုမ္ပဏီများအနက် ၂ ခုမှာ ထိုင်းနိုင်ငံအခြေစိုက် အစားအစာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းစုကြီးဖြစ်သည့် Charoen Pokphand ကုမ္ပဏီ၏ လက်အောက်ခံ အင်ဒိုနီးရှားကုမ္ပဏီတစ်ခုဖြစ်ပြီး အခြားတစ်ခုမှာ အင်ဒိုနီးရှားအေးခဲအစားအစာကုမ္ပဏီကြီး Japfa Comfeed ၏ လက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်ပါသည်။ စိုက်ပျိုးမွေးမြူရေးဝန်ကြီးဌာန၊ တိရစ္ဆာန်ထုတ်ကုန်လုပ်ငန်းနှင့် ဈေးကွက်ရှာဖွေရေးဌာနမှ ညွှန်ကြားရေးမှူး၏ ပြောကြားချက်အရ အခြားကုမ္ပဏီ ၁၂ သည်လည်း စင်ကာပူနိုင်ငံသို့ ကြက်သားနှင့် ကြက်သားထုတ်ကုန်များတင်ပို့နိုင်ရေး ခွင့်ပြုချက်ရရှိရန် ကြိုးပမ်းလျက်ရှိကြောင်းနှင့် SFA သို့ လျှောက်ထားတင်ပြထားပြီးဖြစ်ကြောင်း သိရှိရပါသည်။ ပြီးခဲ့သည့်လက SAF အဖွဲ့တစ်ဖွဲ့မှ အင်ဒိုနီးရှားနိုင်ငံသို့ လာရောက်ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံ၏ အစားအစာဆိုင်ရာ ဘေးကင်းလုံခြုံစိတ်ချရမှုနှင့် တိရစ္ဆာန်ကျန်းမာရေးထိန်းချုပ်မှုဆိုင်ရာ ကိစ္စရပ်များအား လိုက်လံစစ်ဆေးမှုများ ပြုလုပ်သွားခဲ့ပါသည်။ အဆိုပါအဖွဲ့သည် ကြက်မွေးမြူရေးခြံများ၊ သီးခြားထားရှိသည့်နေရာများနှင့် ဓါတ်ခွဲခန်းများအား ၎င်းတို့၏ စည်းမျဉ်း/ စည်းကမ်းများနှင့်အညီ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။ SFA အနေဖြင့် အတည်ပြုထောက်ခံချက်ပေးနိုင်ရန်အတွက် လိုအပ်သော စာရွက်စာတမ်းဆိုင်ရာအသေးစိတ်စိစစ်ခြင်းနှင့် မြေပြင်ကွင်းဆင်း (On-site) သွားရောက်စစ်ဆေးခြင်းတို့ကို လုပ်ဆောင်ရကြောင်း သိရှိရပါသည်။ အင်ဒိုနီးရှားနိုင်ငံ၊ စိုက်ပျိုးမွေးမြူရေးဝန်ကြီးဌာန၏ ခန့်မှန်းချက်အရ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ကြက်သားဟင်းလျာနှင့် ကြက်သားထုတ်ကုန်များအား ၂၀၂၂ ခုနှစ်အတွင်း တန် ၅.၉ သန်းခန့် ထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းထားရှိပါသည်။ စိုက်ပျိုးမွေးမြူရေးဝန်ကြီးဌာနအနေဖြင့် ပြောကြားရာတွင် ယခုနှစ်အတွင်း ပြည်တွင်းလိုအပ်ချက်အတွက် တန် ၅.၃ သန်းခန့်လိုအပ်မည်ဟု ခန့်မှန်းထားပြီး ၎င်းသည် ပျမ်းမျှတစ်လလျှင် တန် ၅၀,၀၀၀ ခန့် ပိုလျှံထုတ်လုပ်သွားရမည်ဟု ဆိုပါသည်။


ဝန်ကြီးဌာနမှ အချက်အလက်များအရ အင်ဒိုနီးရှားနိုင်ငံသည် ပြီးခဲ့သည့်နှစ်အတွင်း ၎င်း၏ အိမ်နီးချင်းနိုင်ငံဖြစ်သည့် တီမောလက်စ်တေနိုင်ငံ (Timor Leste) သို့ တန် ၅၀၀ ဝန်းကျင်ခန့် တင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါသည်။ စင်ကာပူနိုင်ငံသည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်အတွင်း ကြက်သားနှင့် ကြက်သားထွက်ကုန် တန်ချိန်၂၁၄,၄၀၀ ခန့်ကို တင်သွင်းခဲ့ပြီး ဘရာဇီးလ်နိုင်ငံမှ ၄၈ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံမှ ၃၄ ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံမှ ၈ ရာခိုင်နှုန်းနှင့် အခြားနိုင်ငံများမှ ၁၀ ရာခိုင်နှုန်း အသီးသီးတင်သွင်းခဲ့ကြောင်း သိရှိရပါသည်။ ၂၀၂၂ ခုနှစ်အတွင်း မလေးရှားနိုင်ငံသည် ပြည်တွင်း၌ ကြက်သားလိုအပ်ချက် မပြတ်လပ်စေရေးအတွက် ပုံမှန်ပြည်ပသို့ ကြက်သားတင်ပို့မှု တစ်လလျှင် ၃.၆ သန်းအား ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် စတင်၍တားမြစ်ပိတ်ပင်ခဲ့သောကြောင့် စင်ကာပူနိုင်ငံအနေဖြင့် အင်ဒိုနီးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံအပါအဝင် အခြားကြက်သားနှင့် ကြက်သားထုတ်ကုန်များ ရရှိနိုင်မည့် အရင်းအမြစ်များစွာမှ တင်သွင်းခွင့်ပြုသွားမည်ဟု အသိပေးကြေညာချက် ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

Source – Channel News Asia (ပြည့်ဖြိုးအောင်)

## ကုန်စည်ဈေးနှုန်းများ မြင့်တက်နေမှုသည် ကမ္ဘာ့လူဦးရေ၏ ၇၁ သန်းကျော်အား ဆင်းရဲနွမ်းပါးမှုစီသို့ တွန်းပို့ပေးနေကြောင်း Statista သတင်း Website တွင်ရေးသားဖော်ပြ

ယူကရိန်းတွင် ဖြစ်ပွားနေသောပဋိပက္ခကြောင့် စွမ်းအင်နှင့် အစားအသောက်ဈေးနှုန်းများ မြင့်တက်လာခြင်း၏ ဂယက်ရိုက်ခတ်မှုကို နိုင်ငံအားလုံးကခံစားနေကြရသော်လည်း အထူးသဖြင့် ဝင်ငွေနည်းပါးသောနိုင်ငံများအတွက် လူနေမှုစရိတ်များ မြင့်တက်လာခြင်းသည် လူနေမှုဘဝရှင်သန်ရပ်တည်မှုအတွက် အရေးကြီးကိစ္စများဖြစ်လာစေပါသည်။ ကမ္ဘာ့ကုလသမဂ္ဂ၏ ညွှန်းဆိုချက်အရ စားဝတ်နေရေးအတွက် မရှိမဖြစ်သော ကုန်စည်ဈေးနှုန်းများ မြင့်တက်ရခြင်း၏ အကျိုးသက်ရောက်မှုများကို တားဆီးရန် မူဝါဒများမလုပ်ဆောင်ပါက ကမ္ဘာ့လူဦးရေတွင် ဆင်းရဲမှုကိုခံစားနေရသည့် လူဦးရေမှာ တစ်ရာခိုင်နှုန်းအထိ မြင့်တက်လာနိုင်ဖွယ်ရှိပါသည်။ နောက်ထပ် လူဦးရေ သန်း ၅၀ သည် ကမ္ဘာ့ဘဏ်မှ သတ်မှတ်ထားသည့် ပကတိဆင်းရဲနွမ်းပါးမှု သတ်မှတ်ချက်ဖြစ်သည့် တစ်နေ့လျှင် ဒေါ်လာ ၁.၉၀ အောက် ဝင်ငွေကျဆင်းသွားနိုင်ကြောင်း မှန်းဆရပါသည်။ ဝင်ငွေနည်းပါးသောနိုင်ငံများနှင့် အလယ်အလတ်ဝင်ငွေနည်းသော နိုင်ငံများအတွက် ဆင်းရဲနွမ်းပါးမှုကို တစ်နေ့ဝင်ငွေ ၃.၂၀ ဒေါ်လာနှင့် ၅.၅၀ ဒေါ်လာထား၍ ထည့်သွင်းတွက်ချက်မည်ဆိုပါက ကမ္ဘာတဝှမ်းရှိ လူဦးရေ ၇၁ သန်းကျော်သည် မမျှော်မှန်းနိုင်သော အခက်အခဲများ ရင်ဆိုင်နေကြရမည်ဖြစ်ပါသည်။ အာဖရိကဆာဟာရဒေသတွင် လွန်စွာဆင်းရဲနွမ်းပါးသူများ ပိုများလာနိုင်ပြီး အီရတ်၊အင်ဒိုနီးရှား၊ ပါကစ္စတန်၊ ကိုလံဘီယာသို့မဟုတ် တူရကီကဲ့သို့ အခြားဒေသများတွင်လည်း ဆင်းရဲနွမ်းပါးမှုများ ကျရောက်နိုင်ပါသည်။

အနောက်နိုင်ငံများ၏ ရုရှားအပေါ်ပိတ်ဆို့အရေးယူမှုများတွင် လယ်ယာထွက်ကုန်များကုန်သွယ်မှုကို ပိတ်ဆို့အ




ရေးယူထားခြင်းမရှိသော်လည်း အနောက်နိုင်ငံများ၏ ပိတ်ဆို့အရေးယူမှုများကြောင့် အာဖရိကတွင် ကောက်ပဲသီးနှံနှင့် ဓာတ်မြေဩဇာဈေးနှုန်းများ မြင့်တက်မှုကြောင့် အကျပ်အတည်းများ ဖြစ်ပေါ်လျှက်ရှိကြောင်း ရုရှားသံရုံးမှ တာဝန်ရှိသူများက အပြစ်တင်လျှက်ရှိပါသည်။ အနောက်နိုင်ငံများ၏ ပြောကြားချက်အရ၊ ရုရှားမှ ယူကရိန်း ဆိပ်ကမ်းများကို ပိတ်ဆို့ခြင်းသည် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအတွက် စစ်ကြေငြာခြင်းတစ်ခုလိုသတ်မှတ်ထားရမလိုဖြစ်နေကြောင်း Bloomberg ကို ကိုးကားပြီး ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် အကြီးအကဲက ပြောပါသည်။ ဤသို့သောစားနပ်ရိက္ခာဖူလုံမှု မရှိသည့် အခြေအနေများကို တိုက်ဖျက်ရန်အတွက် ဆင်းရဲနွမ်းပါးသူများကို စောင်၊ အဝတ်အထည် အသုံးအဆောင်များ ထောက်ပံ့မည့်အစား စားသောက်ကုန်နှင့် စွမ်းအင်ကဏ္ဍအတွက် ငွေကြေးကူညီထောက်ပံ့ရန် UNDP က အကြံပြုထားသည်။ UNDP စံပြပုံစံအရ အထူးထောက်ပံ့ကူညီမှုများသည် နောက်ထပ်ဆင်းရဲသူဦးရေတိုးလာမှုကို မဖြစ်ပေါ်စေနိုင်ပဲ ဆင်းရဲသူအသစ်အရေအတွက်ကို ငါးပုံတစ်ပုံသာ လျှော့ချနိုင်မည်ဖြစ်ပြီး ယေဘုယျအားဖြင့် ဆင်းရဲမွဲတေမှုသတ်မှတ်ချက်အောက်၌ နေထိုင်သူအရေအတွက်ကိုလည်း လျှော့ချပေးမည်ဖြစ်ပါသည်။ ခြုံ၍ဆိုပါက လူဦးရေသန်း ၆၅၀ သည် ဆင်းရဲမွဲတေလျက်ရှိကြောင်း ကမ္ဘာ့ဘဏ်မှ ဆိုပါသည်။

Source: https://www.statista.com/ ( ရီရီဝင်း)

## ဗီယက်နမ်နိုင်ငံရှိ ဘဏ်များက eTax Mobile Application ဝန်ဆောင်မှု (eTax Mobile Service) အား စတင်မိတ်ဆက်

ဗီယက်နမ်နိုင်ငံအစိုးရသည် အခွန်စည်းကြပ်ကောက်ခံမှုဆိုင်ရာ ပိုမိုလွယ်ကူချောမွေ့စေရေး ကြိုးပမ်းလုပ်ဆောင်လျက်ရှိရာ ယခုအခါ ဗီယက်နမ်နိုင်ငံ၊ အလုံးစုံအခွန်စည်းကြပ်ကောက်ခံမှုဦးစီးဌာန (General Department of Taxation-GDT) နှင့် ဗီယက်နမ်နိုင်ငံရှိ ဘဏ်များပူးပေါင်း၍ eTax Mobile Application ကို ဖန်တီးကာ အခွန်ထမ်းများအား စတင်မိတ်ဆက်အသုံးပြုနေပြီ ဖြစ်ပါသည်။ ဗီယက်နမ်နိုင်ငံရှိ ဘဏ်များစွာရှိသည့်အနက် ဘဏ် (၆) ခုသည် eTax Mobile Application မှတဆင့် အွန်လိုင်းအသုံးပြု၍ အခွန်ငွေပေးသွင်းမှုများကို လုပ်ဆောင်နိုင်စေရန် ဘဏ်ဝန်ဆောင်မှုအသုံးပြုသူများအတွက်စာရင်း (Account) များအား စတင်ဖွင့်လှစ်ပေးနေပြီဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့အထိ စာရင်းများအရ BIDV၊ VCB၊ SCB၊ ACB၊ HDBank နှင့် TPBank အပါအဝင် ဘဏ်များသည် eTax Mobile Application မှ တစ်ဆင့် အခွန်အာဏာပိုင် (အခွန်ဝန်ထမ်း) များနှင့်အတူ ၎င်းတို့၏ Customer များအတွက် ဗီယက်နမ်ဒေါင် ၁၉၀ ဘီလီယံထက် ပိုမိုများပြားသည့်ပမာဏရှိသည့် အချက်အလက်များအား ပြောင်းရွှေ့မှု (Transaction) ၂၉,၀၀၀ ခန့် ပြုလုပ်ခဲ့ပါသည်။ eTax Mobile Payment အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာစေရန် အခြားဘဏ်များရှိ ကိန်းဂဏန်းအချက်အလက်များနှင့်အတူ အထောက်အထားများ မှန်ကန်မှုရှိစေရေး တိုက်ဆိုင်စစ်ဆေးခြင်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အခွန်ထမ်း (အခွန်ပေးဆောင်သူ) များအတွက် သင့်လျော်ကောင်းမွန်သည့် အခြေအနေတစ်ရပ်အား ဖန်တီးပေးရန် ဖြည့်ဆည်းလုပ်ဆောင်ပေးသွားမည်ဖြစ်ပြီး ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ငွေသားလုံးဝသုံးစွဲခြင်းမရှိသည့်ငွေ ပေးချေမှုများ (Non-cash Payment) အကောင်အထည်ဖော်ဆောင်ခြင်းနှင့် ၂၀၂၅ ခုနှစ်၊ ဗီယက်နမ်နိုင်ငံ၊ အမျိုးသားဒီဂျစ်တယ်စနစ် ကူးပြောင်းမှုဆိုင်ရာ အစီအစဉ် (National Digital Transformation Programme) တို့ကို တိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် စီမံချက်ချမှတ်၍ ဆောင်ရွက်သွားမည်ဟု ဗီယက်နမ်နိုင်ငံ၊ အလုံးစုံအခွန်စည်းကြပ်ကောက်ခံမှုဦးစီးဌာန (The General Department of Taxation-GDT) က ပြောကြားထားပါသည်။ eTax Mobile Application သည် စီးပွားရေးလုပ်ငန်းများအပါအဝင် တစ်ဦးချင်းအခွန်ထမ်း (အခွန်ပေးဆောင်သူ) များ လုံခြုံစိတ်ချရမှုနှင့် အာမခံချက်ရှိစေရေး အီလက်ထရောနစ်စနစ်ဖြင့် အခွန်စည်းကြပ်ကောက်ခံမှုပေးသည့် ဝန်ဆောင်မှု (Electronic Tax Service) ကို ပေးသောအခွန်လုပ်ငန်းနယ်ပယ် (Tax Industry) ၏ ဝန်ဆောင်မှုအားလုံးကို ပေါင်းစည်းထားသောပလက်ဖောင်း (Integrated Platform) တစ်ခုအတွင်းရှိ ဝန်ဆောင်မှုပေးသည့်လမ်းကြောင်း (Service Channel) တစ်ခု

ဖြစ်ပါသည်။

အဆိုပါ Application သည် အခွန်ထမ်း (အခွန်ပေးဆောင်သူ) များအတွက် အကျိုးကျေးဇူးများစွာကို ပေးစွမ်းနိုင်မည်ဖြစ်ကြောင်းနှင့် ခေတ်မီအခွန်စည်းကြပ် ကောက်ခံသည့် ဝန်ဆောင်မှုများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် ပုံစံ (An Ecosystem of Smart Tax Services) တစ်ခုဖြစ်ပေါ်လာစေရေး ဝန်ဆောင်မှုများစွာကို ထပ်မံဖြည့်စွက်ခြင်းဖြင့် အဆိုပါ Mobile Application အား တိုးချဲ့ လုပ်ဆောင်သွားမည်ဟု ဗီယက်နမ်နိုင်ငံ၊အလုံးစုံအခွန်စည်းကြပ်ကောက်ခံမှုဦးစီးဌာန (GDT) ရှိ Information Technology Department ၏ ညွှန်ကြားရေးမှူးဖြစ်သည့် Pham Quang Toan က ပြောကြားခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံတွင် ယခင်ကလုပ်ဆောင်လေ့ရှိသည့် အခွန်ပေးဆောင်ရန် တာဝန်များအတွက် အချက်အလက်များရယူရန် လူကိုယ်တိုင်တွေ့ဆုံခြင်း၊ တယ်လီဖုန်းဖြင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ အခွန်အာဏာပိုင်များထံသို့ အီးမေးလ်ပေးပို့ရခြင်း (သို့မဟုတ်) အခွန်ဦးစီးဌာန (GDT) ၏ Website ရှိ အများပြည်သူဆိုင်ရာသတင်း အချက်အလက်များကို ရှာဖွေဖတ်ရှုရခြင်း အစရှိသည်တို့ကို လုပ်ဆောင်ကြရမည့်အစား ယခုအခါ အခွန်ထမ်း (အခွန်ပေးဆောင်သူ) သည် အင်တာနက်ချိတ်ဆက်၍ မိုဘိုင်းလ်ဖုန်း (Mobile) (သို့မဟုတ်) Tablet ကို အသုံးပြုကာ eTax Mobile Application တွင် လွယ်ကူလျင်မြန်စွာ ရှာဖွေလုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။ အဆိုပါ Mobile Application အား အခြားသောလျှပ်စစ်မီး၊ရေအစရှိသည်တို့ကို ကောက်ခံသည့်ဝန်ဆောင်မှုလုပ်ငန်းများစွာနှင့် ချိတ်ဆက်လိုက်ပါက အခွန်ထမ်း (အခွန်ပေးဆောင်သူ) များအတွက် လက်တွေ့လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး လွယ်ကူလျင်မြန်စွာ အသုံးပြုနိုင်သော ခေတ်မီ Mobile Application များအဖြစ် စွယ်စုံအသုံးပြုနိုင်မည်ဖြစ်ကာ iOS နှင့် Android ပလက်ဖောင်းနှစ်မျိုးစလုံးတွင် အသုံးပြုနိုင်သော ခေတ်ရှေ့ပြေးရည်မှန်းချက် တစ်ခုဆီသို့ ရည်ရွယ်မှန်းဆ၍ ဖန်တီးတည်ဆောက်ထားခြင်းဖြစ်သည်ဟု အခွန်ဦးစီးဌာန (GDT) က ပြောကြားထားပါသည်။

အခွန်ထမ်း (အခွန်ပေးဆောင်သူ) များအား လွယ်ကူချောမွေ့စေရန် ကြိုးပမ်းလုပ်ဆောင်ပေးခြင်းဖြင့် နိုင်ငံတော်အစိုးရ၏ Non-Cash Payment ရည်မှန်းချက်ကိုလည်း အကောင်အထည်ဖော် ဆောင်ပေးရာရောက်မည်ဖြစ်ကြောင်း၊ အခွန်ဦးစီးဌာန (GDT) အနေဖြင့် စီးပွားရေးလုပ်ငန်းများအပါအဝင် တစ်ဦးချင်း အခွန်ထမ်း (အခွန်ပေးဆောင်သူ) များအား အီလက်ထရောနစ်စနစ်ကို အသုံးပြုခြင်းဖြင့် eTax Mobile Application ပေါ်မှတစ်ဆင့် နိုင်ငံတော်သို့ အခွန်ငွေပေးသွင်းမှုများ လွယ်ကူလျင်မြန်စွာ ပေးဆောင်နိုင်စေရန် ဘဏ်အားလုံးနှင့် ချိတ်ဆက်၍ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားပါသည်။ ယခုအချိန်ထိဗီယက်နမ်နိုင်ငံအနှံ့အပြားရှိအခွန်ရုံး များတွင်အခွန်ထမ်း (အခွန်ပေးဆောင်သူ) များအား eTax Mobile Application ကို အသုံးပြုနိုင်စေရန် ကူညီလုပ်ဆောင်ပေးလျက်ရှိကြောင်း သိရှိရပါသည်။ အခွန်လုပ်ငန်းနယ်ပယ်အတွင်းရှိ လူအများ၏ ပြောကြားချက်အရ အီလက်ထရောနစ်ပစ္စည်းများစွာသည် လူအများစု၏ နေထိုင်မှုဘဝများအတွင်းသို့ ချဉ်းနင်းဝင်ရောက်လာခဲ့ပြီဖြစ်ကြောင်း၊ အီလက်ထရောနစ်စနစ်ဖြင့် အခွန်စည်းကြပ်ကောက်ခံမှုကို အကောင်အထည်ဖော်ဆောင်ရာတွင် စီးပွားရေးလုပ်ငန်းများအပါအဝင် နည်းပညာမြင့်ပစ္စည်းများကို အသုံးမပြုတတ်သော စိုက်ပျိုးမွေးမြူရေးမဟုတ်သည့် (Non-Agricultural) အခွန်ထမ်း (အခွန်ပေးဆောင်သူ)များပင် အရေအတွက်တော်တော်များများ ကျန်ရှိနေသေးကြောင်း၊ သို့သော်လည်း ၎င်းသည် ယာယီအခက်အခဲတစ်ခုမျှသာဖြစ်ပြီး အခွန်လုပ်ငန်းနယ်ပယ်အနေဖြင့် အခွန်ဆိုင်ရာ သတင်းအချက်အလက်များကို မျှဝေပေးခြင်းနှင့် လူအများစု Application များအား အသုံးပြုလာစေရေးကို လမ်းညွှန်ပြသပေးခြင်း၊ အထူးသဖြင့် အခွန်ပေးဆောင်ရာတွင် ပိုမိုတက်ကြွစွာဖြင့် လွယ်ကူလျင်မြန်စွာ ပေးဆောင်နိုင်စေရေးကို အကူအညီပေးခြင်းအပါအဝင် အခွန်ပေးဆောင်ခြင်းဆိုင်ရာ ဘက်စုံဝန်ဆောင်မှုများကို အာရုံစိုက်လုပ်ဆောင်သွားမည့်အဆိုပါ အကောင်အထည်ဖော်ဆောင်မှုကို မည်သည့်အကျိုးသက်ရောက်မှုရှိနိုင်မည်မဟုတ်ကြောင်း သိရှိရပါသည်။

Source: Viet Nam News (ပြည့်ဖြိုးအောင်)

## ဗီယက်နမ်ရင်းနှီးမြှုပ်နှံသူအများစုက လာအိုဈေးကွက်ကို ကြိုက်နှစ်သက်လျက်ရှိ

လာအိုနိုင်ငံသည် ပို့ကုန်တင်ပို့သော ပြည်ပနိုင်ငံများထံမှ အရည်အသွေးထောက်ခံချက် (Quality Certification) အများစုကို လက်ခံအသိအမှတ်ပြုခြင်းကြောင့် ဗီယက်နမ်ရင်းနှီးမြှုပ်နှံသူများစွာက လာအိုဈေးကွက်အား ဦးတည်ဈေးကွက်တစ်ရပ်အဖြစ် ကြိုက်နှစ်သက်လျက်ရှိသည်ဟု သိရပါသည်။ ဗီယက်နမ်-လာအို ကုန်သွယ်ရေးသဘောတူညီချက်၊ နယ်စပ်ကုန်သွယ်ရေးသဘောတူညီချက်နှင့် အာဆီယံကုန်စည်ကုန်သွယ်ရေးသဘောတူညီချက် (ASEAN Trade in Goods Agreement-ATIGA) တို့အောက်မှ လာအိုနိုင်ငံသို့ တင်ပို့သော ဗီယက်နမ်ပို့ကုန်များသည် အပြန်အလှန်အား

ဖြင့် အကောက်ခွန်ကင်းလွတ်ခွင့် (Zero Tariffs) ကိုလည်း ရရှိခံစားနိုင်ပါသည်။ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့သည် ကီလိုမီတာ (၂၃၀၀) ကျော်ဖြင့် နယ်နိမိတ်ထိစပ်လျက်ရှိကြောင်း၊ ဗီယက်နမ်စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရ ၂၀၂၂ ခုနှစ်တွင် လာအို-ဗီယက်နမ်နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ (၁.၃၇) ဘီလျံသို့ ရောက်ရှိခဲ့ပြီး၊ ၂၀၂၀ ခုနှစ်ကထက် (၃၃.၃) ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံမှ လာအိုနိုင်ငံသို့ ပို့ကုန်တင်ပို့မှုသည်။ (၅၉၄.၇) သန်းရှိခဲ့ပြီး နှစ်အလိုက်နှိုင်းယှဉ်လျှင် (၄) ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ လာအိုမှ ဗီယက်နမ်သို့ သွင်းကုန်တင်သွင်းမှုသည် အမေရိကန်ဒေါ်လာ (၇၇၈.၂) သန်းဖြင့် (၆၉.၈) ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရပါသည်။

၂၀၂၂ ခုနှစ်၊ ပထမနှစ်ဝက်တွင် လာအိုနိုင်ငံထံမှ ဗီယက်နမ်နိုင်ငံသို့ သွင်းကုန်တင်သွင်းမှုသည် နှစ်အလိုက်နှိုင်းယှဉ်ချက်အရ အမေရိကန်ဒေါ်လာ (၅၁၄.၆) သန်းဖြင့် (၄၅.၃) ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ အဓိကတင်သွင်းခဲ့သည့် ကုန်စည်အမယ်များတွင် ရော်ဘာ၊ သစ်နှင့် သစ်ထုတ်ကုန်များ၊ ဓါတ်မြေသြဇာ၊ ဟင်းသီးဟင်းရွက်များ၊ သတ္တုရိုင်းနှင့် တွင်းထွက်ပစ္စည်းများ ပါဝင်ကြောင်း သိရပါသည်။ အလားတူကာလတွင် ဗီယက်နမ်မှ လာအိုသို့ ပို့ကုန်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ (၃၀၉.၄) သန်းရှိရာ နှစ်အလိုက်နှိုင်းယှဉ်ချက်အရ (၆) ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံမှ လာအိုနိုင်ငံသို့ သံနှင့်သံမဏိပစ္စည်းများ၊ ယာဉ်နှင့်ယာဉ်အစိတ်အပိုင်းများ၊ စက်နှင့် စက်ပစ္စည်း အစိတ်အပိုင်းများ၊ ဓါတ်မြေသြဇာ၊ ပလပ်စတစ်နှင့် ဟင်းသီးဟင်းရွက်များ တင်ပို့ကြောင်း သိရပါသည်။ လက်ရှိတွင် ဗီယက်နမ်နိုင်ငံသည် လာအိုနိုင်ငံရှိ စီမံကိန်း (၄၁၇) တွင် အမေရိကန်ဒေါ်လာ (၄.၃) ဘီလျံကို ရင်းနှီးမြှုပ်နှံထားပြီး၊ တတိယအများဆုံးရင်းနှီးမြှုပ်နှံသူအဖြစ် ရပ်တည်နေကြောင်း၊ လာအိုနိုင်ငံအနေဖြင့် ရည်ရွယ်တည်တံ့၍ သန့်ရှင်းမှုရှိသည့် လယ်ယာစိုက်ပျိုးရေး (Clean Agriculture)၊ ကုန်ထုတ်လုပ်ငန်းနှင့် ပြုပြင်ထုတ်လုပ်ခြင်းကဏ္ဍ (Processing and Manufacturing) တို့အပါအဝင် နယ်ပယ်များစွာ၌ ဗီယက်နမ်ရင်းနှီးမြှုပ်နှံသူများအား ဦးစားပေးဆောင်ရွက်ထားကြောင်း၊ လာအိုနှင့် ဗီယက်နမ်နှစ်နိုင်ငံတို့သည် လျှပ်စစ်နှင့် ဓါတ်သတ္တုတူးဖော်ခြင်းကဏ္ဍတို့တွင်လည်း ပူးပေါင်းဆောင်ရွက်မှုချဲ့ထွင်နိုင်မည့် အလားအလာများစွာ ရှိနေသည်ဟုယုံကြည်ထားကြကြောင်း၊ ထို့ပြင် နှစ်နိုင်ငံကုန်သွယ်မှုကို ယခုနှစ်တွင် (၁၀) ရာခိုင်နှုန်းမှ (၁၅) ရာခိုင်နှုန်းအတွင်း တိုးမြှင့်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရပါသည်။

Source: https://en.vietnamplus.vn/ (ကျော်စိန်ဝင်း)

## ဗီယက်နမ်ဒူးရင်းသီး တရုတ်နိုင်ငံသို့ တရားဝင်လမ်းကြောင်းများမှတဆင့် တင်ပို့တော့မည်

တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံမှ ဒူးရင်းသီးအား တရားဝင်လမ်းကြောင်းများမှတဆင့် တင်သွင်းရန် ခွင့်ပြုပေးလိုက်ပြီဖြစ်ပါသည်။ ဗီယက်နမ်ဒူးရင်းသီး တင်ပို့မှုအား ခွင့်ပြုပေးပြီးနောက် ဗီယက်နမ်နိုင်ငံမှ တရုတ်နိုင်ငံသို့ တရားဝင် တင်သွင်းခွင့်ရရှိထားပြီးဖြစ်သည့် သီးနှံထွက်ကုန် (၁၁) မျိုး ရှိလာပြီဖြစ်ပါသည်။ ဗီယက်နမ်ဒူးရင်းသီးသည် တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့ခွင့်ရရှိခဲ့သည့် (၁၁) ခုမြောက် ဗီယက်နမ်နိုင်ငံ၏ သီးနှံထွက်ကုန်တစ်ခုဖြစ်လာပြီဟု ဗီယက်နမ်နိုင်ငံ၊ စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန (Ministry of Agriculture and Rural Development) ဝန်ကြီး Le Minh Hoan က နှစ်နိုင်ငံသဘောတူညီချက်အား လက်မှတ်ရေးထိုးနောက် ပြောကြားခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံမှ တရုတ်နိုင်ငံသို့ ဒူးရင်းသီးတင်ပို့မှုအတွက် ပို့ကုန်ပစ္စည်းဆိုင်ရာ တရားဝင်လိုအပ်ချက် (Phytosanitary Requirement) ဖြစ်သည့် အပင်နှင့်တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ပိုးမွှားကင်းစင်ရေးကိစ္စရပ်များအတွက် သဘောတူညီချက်သည် သုံးနှစ်အတွင်း စတင်အကျိုးသက်ရောက်စေရမည် ဖြစ်ပါသည်။ ၎င်းအား တရုတ်နိုင်ငံ၊ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Customs of the Customs-GACC) သို့ ဗီယက်နမ်နိုင်ငံ၏ အရည်အသွေးပြည့်မီသည့် ဒူးရင်းသီးစိုက်ပျိုးရှင်သန်ကြီးထွားသည့် နေရာဒေသများနှင့် ထုတ်ပိုးမှုပစ္စည်းများအား အတူတကွဆက်လက်ပေးပို့ရမည်ဖြစ်ပြီး ၎င်း၏ Web Portal ပေါ်တွင် အသိပေးကြေညာရမည် ဖြစ်ပါသည်။ အဆိုပါသဘောတူညီချက်အား လူသိရှင်ကြား အသိပေးကြေညာပြီးနောက်တွင် တရုတ်နိုင်ငံသို့ ဗီယက်နမ်ဒူးရင်းသီးတင်ပို့မှုကို တရားဝင်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်းသိရှိရပါသည်။ အစောပိုင်းကာလများတွင်ဗီယက်နမ်နိုင်ငံမှထွက်ရှိသော နဂါးမောက်သီး (Dragon Fruit)၊ ဖရဲသီး (Watermelon)၊ လိုင်ချီးသီး (Lychee)၊ လုံးနံသီး (သို့မဟုတ်) တရုတ်လိုင်ချီးသီး (Logan)၊ ငှက်ပျောသီး (Banana)၊ သရက်သီး (Mango)၊ ပိန်းနဲ့သီး (Jackfruit)၊ တောကြက်မောက်သီး (Rambutan)၊ မင်းဂွတ်သီး (Mangosteen) နှင့် စူကာသီး (Passion Fruit) တို့ကိုလည်း တရုတ်နိုင်ငံဈေးကွက်သို့ တရားဝင်လမ်းကြောင်းများမှတဆင့် တင်သွင်း

ရန် ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

သဘောတူညီချက်ပါပြဋ္ဌာန်းချက်များအရ ဗီယက်နမ်နိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့နိုင်ရန်အတွက် မှတ်ပုံတင်စာရင်းသွင်းထားသည့် ဒူးရင်းသီးစိုက်ပျိုးနေရာဒေသများတွင် Quality Management and Traceability System ကို ထည့်သွင်းတည်ဆောက်ထားရမည်ဖြစ်ကြောင်း၊စိုက်ပျိုးရေးဆိုင်ရာလုပ်ဆောင်ရမည့် Good Agricultural Practices-GAP စနစ်ကို ကျင့်သုံးရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးထွန်ယက်ခြင်းဆိုင်ရာသန့်ရှင်းစင်ကြယ်ခြင်း၊ စိုက်ပျိုးနေရာသည် လေထုညစ်ညမ်းမှုမရှိသည့် နေရာဒေသဖြစ်ခြင်း၊ ကြွေကျ၊ ပုပ်ပွသောအသီးများအား ချက်ချင်းဖယ်ရှားထားပြီးဖြစ်ခြင်း စသောအခြေအနေများတွင် စနစ်တကျထားရှိထားပြီး ဖြစ်ရပါမည်။ ထို့အပြင် ဒူးရင်းသီးအပင်များနှင့်စပ်လျဉ်း၍ ပိုးမွှားများအား စောင့်ကြပ်ကြည့်ရှုခြင်း၊ ဓာတု သို့မဟုတ် ဇီဝဆိုင်ရာထိန်းချုပ်မှုနှင့် အခြားစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်များပါဝင်သည့် ပိုးမွှားကင်းစင်ရေးဆိုင်ရာ အစီအစဉ်တစ်ခုဖြစ်သည့် Integrated Pest Management-IPM ကိုလည်း ကျင့်သုံးရမည်ဖြစ်ပါသည်။ တရုတ်နိုင်ငံသည် ဗီယက်နမ်ဒူးရင်းသီးတင်ပို့မှုအတွက် အကြီးမားဆုံးဈေးကွက်တစ်ခုအဖြစ် ရှိနေသေးသော်လည်း နယ်စပ်ဂိတ်များမှတဆင့် အဓိကတင်ပို့ကြရပါသည်။ တရုတ်နိုင်ငံ၏ ဒူးရင်းသီးတင်သွင်းမှုသည် နှစ်စဉ် အမေရိကန်ဒေါ်လာ ၄.၂ ဘီလီယံ ခန့်ရှိပြီး ၎င်းတို့အနက် ၆၀ ရာခိုင်နှုန်းသည် ထိုင်းနိုင်ငံမှ အဓိကတင်သွင်းခြင်းဖြစ်ပါသည်။ ဗီယက်နမ်နိုင်ငံ၊ စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ စာရင်းများအရ ဗီယက်နမ်နိုင်ငံ၏ ၂၀၂၁ ခုနှစ်အတွင်း ဒူးရင်းသီးတင်ပို့မှုသည် ၆၀၀,၀၀၀ တန်ရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၁၅ ရာခိုင်နှုန်းမြင့် တက်လာခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံအနေဖြင့် နိုင်ငံရပ်ခြားသို့ တင်ပို့နိုင်ရန်အတွက် ဒူးရင်းသီးစိုက်ပျိုးရှင်သန်ကြီးထွားသည့်ဧရိယာ ၅၀,၀၀၀-၆၀,၀၀၀ ခန့်ရှိပြီး အဓိကစိုက်ပျိုးသည့်နေရာဒေသများမှာTay Ninh၊ Binh Duong၊ Dong Nai၊ Binh Phuoc၊ Tien Giang နှင့် Dak Lak စသည့်ပြည်နယ်များဖြစ်ပါသည်။

Source: Viet Nam News (ပြည့်ဖြိုးအောင်)

## အိန္ဒိယနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုအကောင်းဆုံး ပြည်နယ် (၇) ခု

အိန္ဒိယနိုင်ငံ၊ စက်မှုနှင့် ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေးဌာန (DPIIT) သည် အိန္ဒိယနိုင်ငံတွင် စီးပွားရေးဝန်းကျင်ကောင်းမွန်လာပြီး ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာစေရန်



အတွက် ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေများနှင့် ပူးပေါင်း၍ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိပါသည်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းစီမံချက် (Business Reform Action Plan -BRAP) များကို အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိပါသည်။ ပြည်နယ်များအလိုက် ကျင့်သုံးလျက်ရှိသော စီးပွားရေးဆိုင်ရာ အကောင်းဆုံးအလေ့အထများကို အပြန်အလှန် လေ့လာသင်ယူပြီး စီးပွားရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများဖြင့် စီးပွားရေးဝန်းကျင် တိုးတက်ကောင်းမွန်လာစေရန်အတွက် အိန္ဒိယနိုင်ငံသည် ကမ္ဘာ့တစ်ဝန်းတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အကောင်းဆုံးနိုင်ငံတစ်ခုဖြစ်လာစေရန် ရည်ရွယ်ထားကြောင်း ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဝန်ကြီးဖြစ်သူ Mr. Piyush Goyal က ပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံအစိုးရသည် ၂၀၂၂ ခုနှစ် ၊ ဇွန်လ ၃၀ ရက်နေ့တွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းစီမံချက် (BRAP) အစီရင်ခံစာ (၂၀၂၀) ကို ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ အစီရင်ခံစာတွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအပေါ်မူတည်၍ ပြည်နယ်များကို ထိပ်တန်းအုပ်စု၊ အောင်မြင်မှုရရှိသည့်အုပ်စု၊ ကြိုးစားမှုအကောင်းဆုံးအုပ်စုနှင့် စီးပွားရေးဂေဟစနစ် ပေါ်ထွန်းလာသည့်အုပ်စု ဟူ၍ အုပ်စု ၄ ခု ခွဲခြားထားပါသည်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုအကောင်းဆုံး ထိပ်တန်းအုပ်စုတွင်ပါဝင်သည့် ပြည်နယ်များမှာ အင်ဒရာပရာဒေ့ရှ်၊ ဂူဂျာရတ်၊ ဟာယန၊ ကာနာတာကာ၊ ပန်ဂျပ်၊ တမီးနာဒူးနှင့် တယ်လန်ဂါနာ တို့ဖြစ်သည်။

ထိုအစီရင်ခံစာတွင် သတင်းအချက်အလက်ရရှိနိုင်မှုပြတင်းတစ်ပေါက်စနစ် (Single Window System) ၊ အလုပ်သမားဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ သဘာဝပတ်ဝန်းကျင်၊ မြေယာစီမံခန့်ခွဲမှု၊ မြေယာနှင့် ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းနှင့် ပါမစ်စသည့် နယ်ပယ် (၁၅) ခုကို လွှမ်းခြုံသည့် ပြု




ပြင်ပြောင်းလဲရမည့်လုပ်ငန်း ၃၀၁ ခု ပါဝင်သည်။ ပြည်နယ်များ၏ စွမ်းဆောင်ရည်ကို အကဲဖြတ်ရာတွင် အဆိုပါလုပ်ငန်း ၃၀၁ ခုအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအပေါ်တွင်မူတည်၍ အကဲဖြတ်ပါသည်။ စက်မှုနှင့် ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေးဌာနသည် စီးပွားရေးလုပ်ကိုင်ရလွယ်ကူစေရန် ပြုပြင်ပြောင်းလဲမှုများကို ၂၀၁၄ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ၊ ၂၀၁၆ ၊ ၂၀၁၇ ၊၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်တို့တွင် အစီရင်ခံစာများ ထုတ်ပြန်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာ (၂၀၁၉) တွင် အင်ဒရာပရာဒက်ရှ်ပြည်နယ်သည် စီးပွားရေးလုပ်ကိုင်ရန် အကောင်းဆုံးပြည်နယ်ဖြစ်ခဲ့ပြီး၊ ယင်း၏နောက်တွင် ဥတရာပရာဒေ့ရှ်၊ တီလန်ဂနာ၊ မဒ္ဒရာပရာဒေ့ရှ်နှင့် ဂျဟာခန်ပြည်နယ်များက အသီးသီးရပ်တည်လျက်ရှိကြသည်။ ပြည်နယ်အစိုးရများအနေဖြင့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ကြသည့်အတွက် အစီရင်ခံစာ (၂၀၂၀) တွင် ပြုပြောင်းပြောင်းလဲရမည့် လုပ်ငန်းအသစ် ၁၁၈ ခုကို ထည့်သွင်းခဲ့သည်။ ထို့ပြင် ပြုပြင်ပြောင်းလဲမှုလုပ်ငန်း နယ်ပယ်ပိုမိုကျယ်ပြန့်လာစေရန်အတွက် ကဏ္ဍ ၉ ခုဖြစ်သည့် ကုန်သွယ်မှုလိုင်စင်၊ ကျန်းမာရေးစောင့်ရှောက်မှု၊ တိုင်းတာမှုဆိုင်ရာ ဥပဒေများ၊ ရုပ်ရှင်ရုံများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ မီးဘေးလုံခြုံရေးထောက်ခံချက် (NOC)၊ တယ်လီဖုန်းဆက်သွယ်ရေး၊ ရုပ်ရှင်ရိုက်ကူးရေးနှင့် ခရီးသွားလာရေးနယ်ပယ်များနှင့်စပ်လျဉ်း၍ပြုပြင်ပြောင်းလဲမှုဆောင်ရွက်ရမည့်လုပ်ငန်း ၇၂ ခုကို ပထမဆုံးအကြိမ် ထည့်သွင်းခဲ့သည်။ အိန္ဒိယနိုင်ငံ၏ မဟာဗျူဟာများကို အောင်မြင်အောင်တည်ဆောက်နိုင်ရန်အတွက် နိုင်ငံခြားကုမ္ပဏီများအနေဖြင့် လက်တွေ့နယ်ပယ်၌ ပြည်နယ်များအကြား ကွာခြားမှုများရှိသည်ကို နားလည်ထားရမည်ဖြစ်သည်။ စီးပွားရေးလုပ်ဆောင်ရလွယ်ကူမှု အစီရင်ခံစာများကို ဖတ်ရှုလေ့လာခြင်းအားဖြင့် ပြည်နယ်များ၏ စွမ်းဆောင်ရည်များကိုကိန်းဂဏန်းအချက်အလက်များဖြင့် သုံးသပ်နိုင်ပြီး ၎င်းတို့၏ ပြုပြင်ပြောင်းလဲမှုများသည် လက်တွေ့ကျသောမူဝါဒများအဖြစ် ယုံကြည်စိတ်ချရမှု ရှိ/မ ရှိကို သိရှိနိုင်မည်ဖြစ်ပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် အိန္ဒိယတစ်နိုင်ငံလုံးကို ခြုံငုံလေ့လာခြင်းထက် ပြည်နယ်များ၏ စက်မှုဆိုင်ရာ ဂေဟစနစ်၊ ထောက်ပံ့ပို့ဆောင်ရေး၊ အခြေခံအဆောက်အဦနှင့် ဗျူရိုကရေစီစနစ်တို့ကို နှိုင်းယှဉ်လေ့လာကာ ကုမ္ပဏီ၏ လုပ်ငန်းလိုအပ်ချက်များနှင့် ကိုက်ညီမှုရှိ/မရှိ အကဲဖြတ်ရန် လိုအပ်သည်။ အကြောင်းမှာ အိန္ဒိယနိုင်ငံတွင် ပြည်နယ်တစ်ခုနှင့် တစ်ခုစီမံအုပ်ချုပ်မှုများ မတူညီသောကြောင့် ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများဆောင်ရွက်မည်ဆိုပါက (က) အဆိုပြုထားသော စီးပွားရေးလုပ်ငန်းတစ်ခု စတင်ရန်အတွက် အသင့်တော်ဆုံးသောအခြေအနေတစ်ရပ်ကို ရွေးချယ်နိုင်ရန်အလို့ငှာ အသေးစိတ်လေ့လာဆန်းစစ်မှုများ ပြုလုပ်ခြင်း၊ (ခ) အစိုးရတည်ငြိမ်မှု၊ စက်မှုလုပ်ငန်းဆိုင်ရာမူဝါဒများ၊ စီးပွားရေးလုပ်ကိုင်ရလွယ်ကူမှုနှင့် ပွင့်လင်းမြင်သာရှိမှု စသည့်အချက်များကို လေ့လာအကဲဖြတ်ခြင်း၊ (ဂ) ပြည်နယ်များနှင့် မြို့ကြီးများ၏ စီးပွားရေးအလားအလာ၊ ဈေးကွက်အရွယ်အစား၊ လုပ်ငန်းဆောင်ရွက်မှုပတ်ဝန်းကျင်ကို လေ့လာအကဲဖြတ်ခြင်း၊ (ဃ) ပြည်နယ်များမှ ပေးအပ်သောမက်လုံးများ (Incentives) များနှင့်ပတ်သက်၍ ပိုမိုသိရှိနားလည်စေရန်အတွက် ပြည်နယ်စက်မှုဆိုင်ရာအာဏာပိုင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းနှင့် (င) စီးပွားရေးလုပ်ငန်းအတွက် အဓိကဈေးကွက် ချိတ်ဆက်ပေးနိုင်မည့် စီးပွားရေးပြိုင်ဖက်များ သို့မဟုတ် ဒေသခံကုမ္ပဏီများကို လေ့လာစုံစမ်းခြင်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်သည်။

Source: INDIA BRIEFING (မေအောင်လိန်း)

## တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်သည်သန့်ရှင်းသော စွမ်းအင်ကို အဓိကဖန်တီးအသုံးပြု



တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်သည် ယခုနှစ် ပထမနှစ်ဝက်အတွင်း နိုင်ငံတွင်းအဓိက ဓာတ်အားသုံးစွဲမှု အချက်အချာနေရာများသို့ သန့်ရှင်းသော စွမ်းအင် ကီလိုဝပ်နာရီ ၇၅.၈ ဘီလီယံကျော်ပေးပို့ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၅၂ ရာခိုင်နှုန်း တိုးလာသည်ဟု China Southern Power Grid မှ ပြောကြားခဲ့သည်။ လျှပ်စစ်ဓာတ်အား အားလုံးကို သန့်ရှင်းသောစွမ်းအင်ရင်းမြစ်များမှ ထုတ်ယူခြင်းဖြစ်ပြီး အများအားဖြင့် ရေအားလျှပ်စစ်မှ ထုတ်လုပ်သည်ဟု ကုမ္ပဏီက ပြောကြားပြီး နိုင်ငံအတွင်း ဧရိယာငါးခုဖြစ်သော ကွမ်တုန်း၊ ယူနန်၊ ကွေ့ကျိုး၊ ဟိုင်နန်နှင့် ကွမ်ရှီးဒေသတို့ လွှမ်းခြုံပါဝင်ကြောင်း အနောက်မှ အရှေ့သို့လျှပ်စစ်ဓာတ်အား သွယ်တန်းခြင်းစီမံကိန်းသည် ဂွမ်ဒေါင်း-ဟောင်ကောင်- မကာအို ဂရိတ်ပင်လယ်အော်ဧရိယာလည်း ပါဝင်ကြောင်း ဖေါ်ပြထားပါသည်။

Source: Yunnan province creates major clean power – Big Pic – 云桥网英文 (yunnangateway.com) (ဝေရီလင်း)

## တရုတ်လေကြောင်းကဏ္ဍကို အစီအစဉ်တကျ ပြန်လည်စတင်နေ

ကိုရိုနာကပ်ရောဂါကြောင့် ထိခိုက်ခဲ့သော တစ်ကမ္ဘာလုံးရှိ လေကြောင်းဈေးကွက်ကို ပြန်လည်နာလန်ထူလာစေရန် အပြည်ပြည်ဆိုင်ရာ ခရီးသည်တင်လေကြောင်းလိုင်းများအား အစီအစဉ်တကျ ပြန်လည်စတင်စေရေး စီမံဆောင်ရွက်နေကြောင်း တရုတ်မြို့ပြလေကြောင်းစီမံခန့်ခွဲရေးဌာနမှ ပြောကြားချက်အရ သိရပါသည်။ အပြည်ပြည်ဆိုင်ရာ ဖလှယ်ရေးအစီအစဉ်များတွင် ပါဝင်ကြသည့် ကျောင်းသားများနှင့် ပုဂ္ဂိုလ်များက ၎င်းတို့၏ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်ထွက်ခွာရန် လိုအပ်နေကြသဖြင့် ၎င်းလိုအပ်ချက်အား ဖြည့်ဆည်းပေးရန် လေကြောင်းလိုင်းများအား ပြန်လည်ပြေးဆွဲရေးအတွက် နိုင်ငံတော်ကောင်စီ၏ ကပ်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးယန္တရားဖြင့် ပူးပေါင်းဆောင်ရွက်နေကြောင်း၊ အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းအရေအတွက်ကို တိုးမြှင့်ရန် အခြားနိုင်ငံများနှင့် ခိုင်မာစွာဆက်သွယ်ဆောင်ရွက်နေကြောင်း သိရပါသည်။ ဇွန်လ (၂၈) ရက်နေ့တွင် တရုတ်နိုင်ငံကထုတ်ပြန်ခဲ့သည့် နဝမမြောက် ကိုဗစ်ရောဂါထိန်းချုပ်ရေး စည်းမျဉ်းများအရ တရုတ်နိုင်ငံသို့ ဆိုက်ရောက်လာသည့် ပြည်ပခရီးသွားများမှ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ရန် သတ်မှတ်ထားသော နေရာများ၌ (၇)ရက် သီးခြားနေထိုင်ရန်နှင့် အိမ်တွင် (၃) ရက် သီးခြားနေထိုင်ရန် လိုအပ်ကြောင်း၊ သီးခြားနေထိုင်ရမည့်ရက်အား (၁၄)ရက်မှ (၁၀)ရက်သို့ လျှော့ချပေးထားကြောင်း သိရပါသည်။

၎င်းစည်းမျဉ်းကို ထုတ်ပြန်ပြီးနောက် လေကြောင်းလိုင်းများက လေကြောင်းပျံသန်းမှု အရေအတွက် တိုးမြှင့်ပြုလုပ်မည့် အစီအမံများကို ဇွန်လအတွင်း ထုတ်ပြန်ခဲ့ကြပါသည်။ China Southern Airlines က ကွမ်တုန်းပြည်နယ်၊ ရှန်းကျန့်နှင့် ရုရှားနိုင်ငံ၊ မော်စကိုတို့အကြား လေကြောင်းလိုင်းများ စတင်ပြေးဆွဲမည်ဟု လည်းကောင်း၊ Hainan Airlines က ပေကျင်းနှင့် ဘဲလ်ဂရိတ်တို့အကြား လေကြောင်းပျံသန်းမှုစတင်ပြေးဆွဲမည်ဟုလည်းကြောင်း ကြေညာခဲ့ကြပါသည်။ ထို့ပြင် တရုတ်နှင့် ထိုင်း၊ မွန်ဂိုလီးယား၊ ခိရုကစ္စတန် ကဲ့သို့ နိုင်ငံများအကြား လေကြောင်း ပျံသန်းမှုများကိုလည်း ပိုမိုဆောင်ရွက်သွားမည် ဖြစ်ပါသည်။ တရုတ်နိုင်ငံဘက်မှ လေကြောင်းလိုင်းများ တိုးချဲ့ခွင့်ပြုပေးမည့်သတင်းကို လေကြောင်း ကုမ္ပဏီများက ကြိုဆိုကြပါသည်။ တရုတ်မြို့ပြလေကြောင်းဌာနမှ ထုတ်ပြန်သည့်အချက်အလက်များအရ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လတွင် တရုတ်နိုင်ငံက အပတ်စဉ် အပြည်ပြည်ဆိုင်ရာခရီးသည်တင် လေကြောင်းပေါင်း (၂၃၀) ပျံသန်းခဲ့ပြီး၊ ၂၀၁၉ ခုနှစ်ကထက် (၂.၁၅) ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ကြောင်း သိရပါသည်။ ကပ်ရောဂါမဖြစ်ပွားမီက လေကြောင်းဖြင့် လိုက်ပါသည့်ခရီးသည်စုစုပေါင်း၏ (၁၀)ရာခိုင်နှုန်းမှာ အပြည်ပြည်ဆိုင်ရာခရီးသည်များဖြစ်သော်လည်း၊ ၎င်းတို့ထံမှ ရရှိသည့်ဝင်ငွေမှာ လေကြောင်းကဏ္ဍ၏ (၃၀)ရာခိုင်နှုန်းနီးပါး ဖြစ်ပါသည်။ ယခုကဲ့သို့ လေကြောင်းလိုင်းများ ပျံသန်းမှုအား တိုးမြှင့်၍ ပြန်လည် စတင်လာသဖြင့် လေကြောင်း




ကုမ္ပဏီများ၏ အရှုံးများ သက်သာစေရန် ကူညီပေးနိုင်မည်ဖြစ်ကြောင်း၊ သို့ရာတွင် လေကြောင်းလိုင်းများ၏ ကုန်ကျစရိတ်များ မြင့်မားနေဆဲဖြစ်ခြင်းကြောင့် ကုန်ကျစရိတ်များကို ပြန်လည်လျှော့ချပေးရန်လည်း လိုအပ်ကြောင်း ကျွမ်းကျင်သူများက မှတ်ချက်ပြုထားကြပါသည်။

Source: CHINA DAILY (ရွှေစင်ကို)

## တရုတ်နိုင်ငံ ဇူလိုင်လ (၁၃) ရက်နေ့တွင် ဗီယက်နမ်ဆန်စျေးနှုန်း အနည်းငယ်ကျဆင်းခဲ့

ဇူလိုင်လ (၁၃)ရက်နေ့တွင် ဗီယက်နမ်နိုင်ငံ၌ NL IR 504 ဆန်စျေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် ၈,၄၀၀ – ၈,၄၅၀ VND ကြား၊ ဆန်ချော တစ်ကီလိုဂရမ်လျှင် ၈,၇၅၀ – ၈,၈၀၀ VND ကြား၊ IR 504 ၏စျေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် ၈,၆၀၀ မှ ၈,၇၀၀ VND ကြား၊ ဖွဲနုခြောက် တစ်ကီလိုဂရမ်လျှင် ၉,၂၀၀ – ၉,၂၅၀ VND ကြား အသီးသီး ရှိသည်ကို တွေ့ရပါသည်။ An Giang တွင် လတ်ဆတ်သော Long An ကောက်ညှင်းစျေးမှာ တစ်ကီလိုဂရမ်လျှင် VND ၁၀၀ ကျဆင်းကာ ၅,၉၀၀ – ၆,၁၀၀ ကြား VND သို့ လည်းကောင်း၊ Dai Thong 8 ဆန်မှာ တစ်ကီလိုဂရမ်လျှင် VND ၁၀၀ ကျဆင်းကာ ၅,၉၀၀–၅,၁၀၀ VND သို့လည်းကောင်း အသီးသီး ကျဆင်းခဲ့ပါသည်။ ၎င်းဆန်များမှအပ ကျန်စပါးမျိုးများတည်ငြိမ်ခဲ့ကြောင်း ဖော်ပြပါဇယား၌ တွေ့မြင်နိုင်ပါသည်။ လက်ရှိတွင် ဗီယက်နမ်၏ ဆန်ကွဲ ၅ ရာခိုင်နှုန်းပါဝင်သော ဆန်စျေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၈ ၊ ဆန်ကွဲ ၂၅ ရာခိုင်နှုန်းပါဝင်သည့် ဆန်စျေးနှုန်းမှာ တစ်တန်လျှင် ဒေါ်လာ ၄၀၃ နှင့် ၁၀၀ ရာခိုင်နှုန်း ဆန်ကွဲမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၃ ဖြစ်ပါသည်။

၂၀၂၂ ခုနှစ်၊ ဇွန်လတွင် ဗီယက်နမ်နိုင်ငံသို့ တင်ပို့ခဲ့သော ဆန်စျေးသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၃ ရှိခဲ့ပြီး ယခင်လထက် (၂.၃) ရာခိုင်နှုန်း မြင့်တက်လာခဲ့ပါသည်။ ယခုနှစ် ပထမနှစ်ဝက်တွင် ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုတန်ဖိုးသည် တန်ချိန် (၃.၅) သန်းနှင့် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁.၆ ဘီလီယံရှိခဲ့ရာ၊ ယခင်နှစ်အလားတူကာလကထက် တန်ချိန်အားဖြင့် ၆ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် ၁၆ ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ပါသည်။

Source: https://vinanet.vn/nong-san/thi-truong-lua-gao-hom-nay-137-gia-lua- giam-759518.html (ရွှေစင်ကို)

# An Giang ပြည်နယ်ရှိ ဆန်ဈေး - ဇူလိုင် ၁၃၊ ၂၀၂၂

| ကုန်စည်အမျိုးအစား | အလေးချိန် | ကုန်သည်များ၏ အဝယ်ဈေးနှုန်း (VND) | ဈေးကွက်ပေါက်ဈေး (VND) | 12-07 နှင့် နှိုင်းယှဉ်ပါက (+) ကျဆင်းသွားသော (-) ဈေးနှုန်း |
|---|---|---|---|---|
| ဆန် | | | | |
| - AG ကောက်ညှင်း (အချို) | Kg | 5.900- 6.100 | | -100 |
| - Long An ကောက်ညှင်း (အချို) | Kg | 6.100- 6.300 | | |
| - AG ကောက်ညှင်း (ခြောက်) | Kg | 7.500 - 7.600 | | |
| - ကောက်ညှင်းရှည် (အခြောက်) | Kg | - | | |
| - IR 50404 .ဆန် | kg | 5.500 - 5.700 | လတ်ဆတ်သော ဆန် | |
| - Lúa Đài thơm 8 | kg | 5.900 -6.100 | | -100 |
| - OM 5451 ဆန် | kg | 5.800 -6.000 | | |
| - OM 18 ဆန် | Kg | 6.000- 6.200 | | |
| - Nàng Hoa 9 ဆန် | kg | 6.100 - 6.200 | | |
| - ဂျပန်ဆန် | kg | 7.000-7.500 | | |
| - IR 50404 ဆန် (အခြောက်) | kg | 6.500 | အခြောက်ခံပြီး ဆန် | |
| - Nang Nhen ဆန် (အခြောက်) | kg | 11.500 -12.000 | | |
| - Nếp ruột | kg | | 14.000- 15.000 | |
| - ရိုးရိုးဆန် | kg | | 11.500 -12.500 | |
| - Nàng Nhen ဆန် | kg | | 20.000 | |
| - ထိုင်းဆန်မွှေး (ဆန်လုံးရှည်) | kg | | 18.000- 19.000 | |
| - စံပယ်ဆန်မွှေး | kg | | 14.000 -15.000 | |
| - ဆန်မွှေး | kg | | 19.000 | |
| - ရိုးရိုးဆန်ဖြူ | kg | | 14.000 | |
| - Nàng Hoa ဆန် | kg | | 17.500 | |
| - ပုံမှန်ဆန် | kg | | 14.000 | |
| - Sóc ထိုင်းဆန် | kg | | 18.000 | |
| - ထိုင်ဝမ်ဆန်မွှေး | kg | | 20.000 | |
| - ဂျပန်ဆန် | kg | | 20.000 | |
| - ဖွဲနု | kg | | 7.000 - 8.000 | |

## ဂျာမနီနိုင်ငံတွင် ယူရိုငွေကြေးတန်ဘိုး ကျဆင်းမှု ဖြစ်ပေါ်




ယူရိုငွေကြေးတန်ဘိုးသည် ရုရှား-ယူကရိန်း ပဋိပက္ခ ဖြစ်ပေါ်ပြီးနောက်ပိုင်း နှစ်ပေါင်း (၂၀) အတွင်း ပထမဦးဆုံး အကြိမ် တန်ဘိုးကျဆင်းမှုဖြစ်ပေါ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း တစ်ယူရိုလျှင် အမေရိကန်ဒေါ်လာ ၁.၀၀၀၇ ပတ်ဝန်းကျင်သို့ ရောက်ရှိခဲ့ပြီး ယူရိုဇုန်ဒေသ စားသုံးသူများအကြား စိုးရိမ်ပူပန်မှုများဖြစ်ပေါ်လာစေပါသည်။ ဓာတ်ငွေ့ဈေးနှုန်းများမြင့်တက်လာမှုနှင့် ရုရှားနိုင်ငံမှ သဘာဝဓါတ်ငွေ့ရရှိမှု ဖြတ်တောက်နိုင်မှုအပေါ် စိုးရိမ်ထိန့်လန့်နေမှုတို့က ရင်းနှီးမြှုပ်နှံသူများကို မတည်ငြိမ်မှုဖြစ်စေပြီး အမေရိကန်ငွေကြေးနှင့်နှိုင်းယှဉ်လျှင် ယူရိုဇုန်ဒေသ စီးပွားရေးနှင့် ယူရိုငွေကြေးကျဆင်းမှုကို ဖြစ်ပေါ်လာစေခြင်းဖြစ်ကြောင်း လေ့လာသူများက သုံးသပ်ကြပါသည်။ အခြား အကြောင်းတစ်ချက်မှာ အမေရိကန်နိုင်ငံ Federal Reserve က ငွေကြေးဖောင်းပွမှုနှုန်းကို ကျဆင်းစေရန် အတိုးနှုန်းကို တိုးမြှင့်ပေးလာချိန်တွင် European Central Bank (ECB) က အတိုးနှုန်းကို အနည်းဆုံးထားရှိရန် လိုလားနေဆဲရှိခြင်း ဖြစ်ပါသည်။ Federal Reserve ၏ အတိုးနှုန်းမှာ ၃ ရာခိုင် နှုန်းထိ မြင့်တက်လာရန် မျှော်မှန်းထားပြီး ယူရိုဇုန်ဒေသတွင် ပျမ်းမျှ ၁ ရာခိုင်နှုန်းသာထားရှိဆဲ ဖြစ်သည်။ အမေရိကန်ဒေါ်လာ နှင့် ယူရိုငွေကြေးတန်ဘိုးနှစ်ခု ညီမျှမှုအခြေအနေတစ်ခုကို များမကြာမီ ရောက်ရှိလာနိုင်မည်ဟုလည်း ခန့်မှန်းထားရှိနေကြပါသည်။ လာမည့်သီတင်းပတ်အတွင်း ECB က အတိုးနှုန်းကို အနည်းငယ်မျှတိုးမြှင့်ပေးလာနိုင်ဖွယ်ရှိကြောင်း၊ ၁၀ နှစ်ကျော်ကာလအတွင်း ECB ၏ ပထမ ဆုံးအကြိမ်စဉ်းစားဆောင်ရွက်ခြင်းလည်းဖြစ်ကြောင်း ခန့်မှန်း သုံးသပ်နေကြပါသည်။ ယူရိုငွေကြေးတန်ဘိုးကျဆင်းမှုက ဥရောပနိုင်ငံများ၏ သွင်းကုန်ပိုင်းတွင် အမေရိကန်ဒေါ်လာဖြင့် ပေးချေရသော တင်သွင်းမှုများ၌ ယခင်ထက် ပိုမိုစရိတ်ကြီးမြင့်ခြင်းများရှိလာနိုင်ပြီး ကုန်ကြမ်းများ၊ တစ်ဝက် တစ်ပျက်ကုန်ချောများ တင်သွင်းခြင်းမှလည်း စရိတ်များ ထပ်မံကုန်ကျမှုရှိ၍ ပြည်တွင်းဈေးနှုန်းများ မြင့်တက်လာမှုကို ဖြစ်ပေါ်လာစေနိုင်ပါသည်။

တစ်ဖက်တွင် ပို့ကုန်ပိုင်း၌ အမေရိကန်ဒေါ်လာဖြင့် ချုပ်ဆိုတင်ပို့သော လုပ်ငန်းများအတွက် ယခင်ကထက် အကျိုးဖြစ်ထွန်းမှုရှိနိုင်သော်လည်း လက်ရှိ Supply chain မတည်ငြိမ်မှုနှင့် အခြားအကြပ်အတည်းများနှင့် တွေ့ကြုံနေရချိန်တွင် များစွာသက်ရောက်မှုမရှိနိုင်ကြောင်း ထောက်ပြပြောဆိုကြပါသည်။ ဥရောပသို့ လာရောက်လည်ပတ်သည့် အမေရိကန်ခရီးသွားများအတွက်မူ အမေရိကန်ဒေါ်လာနှင့် ယူရိုငွေကြေးလဲလှယ်မှု ကွာခြားမှုမရှိခြင်းကြောင့် အကျိုးဖြစ်ထွန်းလာစေပါသည်။ ဂျာမနီနိုင်ငံ Deuts–che Bank မှ foreign exchange research ဌာနမှူး Mr.George Saravelos က ယူရိုနှင့် အမေရိကန်ငွေကြေးတန်ဘိုးနှစ်ခု ညီမျှမှုအခြေအနေမှ ထပ်မံ၍ယူရို တန်ဘိုးကျဆင်းနိုင်ပြီး ၁ ယူရိုလျှင် ၀.၉၅ မှ ၀.၉၇ ဒေါ်လာခန့်ထိ ရောက်ရှိသွားနိုင်ကြောင်း ခန့်မှန်းပြောဆိုပါသည်။ ယူရိုငွေကြေးတန်ဘိုးသည် အမေရိကန်ဒေါ်လာနှင့်သာမက အခြား ဆွစ်ဖရန့်ငွေကြေးနှင့် ဂျပန် ယန်းငွေကြေးတို့နှင့် ဖလှယ်မှုနှုန်းထားများမှာလည်း ကျဆင်းလာလျှက်ရှိနေပါသည်။ ယူရိုဇုန်ဒေသ ငွေကြေးဖောင်းပွမှုနှုန်း(Harmonised Index of Consumer Prices–HICP) မှာ ၂၀၂၂ ခုနှစ် ဧပြီလတွင် ၇.၄

ရာခိုင်နှုန်းမှ မေလတွင် ၈.၁ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ပါသည်။ ECB အနေဖြင့် ယူရိုဇုန်ဒေသအတိုးနှုန်းကို ဒသမပွိုင့်ဂဏန်း အနည်းငယ်တိုးကာ ငွေကြေးဖောင်းပွမှုကို ကုစားနိုင်ရန်နှင့် ငွေကြေးတန်ဘိုးကျဆင်းမှုကို ကာမိစေရန် ကြိုးပမ်းလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ECB သည် အီးယူအဖွဲ့ဝင် (၁၉) နိုင်ငံ ( ဩစတြီးယား၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ လပ်ဗီးယား၊ ပေါ်တူဂီ၊ ခရိုအေးရှား၊ ဘယ်လ်ဂျီယံ၊ လစ်သူရေးနီးယား၊ ဆလိုဗေးကီးယား၊ ဆိုက်ပရပ်၊ လူဇင်ဘတ်၊ အက်စတိုးနီးယား၊ အိုင်ယာလန်၊ ဆလိုဗေးနီးယား၊ စပိန်၊ ဖင်လန်၊ နယ်သာလန်၊ မာလ်တာ) ကိုယ်စားပြုဗဟိုဘဏ်တစ်ခုဖြစ်ပြီး သုံးစွဲသူလူဦးရေ (၃၄၀)သန်းရှိကာ ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့တွင် ရုံးချုပ် ဖွင့်လှစ်ထားရှိပါသည်။

Source:https://www.dw.com/en/what-a-sinking-euro-means-for-consumers-in-europe-and-us/a-62437126 (သီတာဝင်းဌေး)

## ကမ္ဘာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အစည်းများ ညီလာခံ (The World Trade Promotion Organizations Conference, WTPO Conference)





ကမ္ဘာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အစည်းများ ညီလာခံ (The World Trade Promotion Organizations Conference, WTPO Conference) ကို ၁၉၉၆ ခုနှစ်မှ စတင်၍ နှစ်နှစ်တစ်ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ ညီလာခံကို ကုလသမဂ္ဂနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း တို့၏ ပူးပေါင်းအဖွဲ့အစည်းတစ်ခုဖြစ်သော အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန (ITC) က ကမကထပြု၍ အစည်းအဝေးလက်ခံကျင်းပသောနိုင်ငံရှိ ကုန်သွယ်မှုမြှင့်တင်ရေးဌာန သို့မဟုတ် အဖွဲ့အစည်းတို့က ပူးပေါင်းစီစဉ် ကျင်းပကြခြင်းဖြစ်ပါသည်။ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန်၊ ကမ္ဘာအရပ်ရပ်ရှိ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အစည်းများ၏ အလေ့အကျင့်ကောင်းများကို ဝေမျှတိုက်တွန်းအားပေးရန်၊ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အစည်းအချင်းချင်းအကြား အသိအမြင်များ ဖလှယ်ရယူရန်နှင့် အထူးသဖြင့် ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ အဆိုပါ အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပါသည်။

ပထမဦးဆုံးအကြိမ်ညီလာခံကို ၁၉၉၆ ခုနှစ်က ကိုလံဘီယာနိုင်ငံ၊ ကာတာဂျီနာမြို့၌ ကျင်းပခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် ချီလီနိုင်ငံ၊ ၂၀၀၀ ပြည့်နှစ်တွင် မော်ရိုကိုနိုင်ငံ၊ ၂၀၀၂ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့တို့၌ အသီးအသီး ကျင်းပပြုလုပ်ခဲ့ကြသည်။ ၂၀၀၄ ခုနှစ်က ဥရောပတိုက်ရှိ မိုလ်တာကျွန်းနိုင်ငံလေးတွင် ကျင်းပပြုလုပ်ခဲ့သော (၅) ကြိမ်မြောက်ညီလာခံမှစတင်၍ ကမ္ဘာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အစည်းများဆု (The World Trade Promotion Organizations Award, WTPO Award) ကို ညီလာခံနှင့်အတူ ပူးတွဲချီးမြှင့်ပေးခဲ့သည်။ အဆိုပါဆုကို ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးနယ်ပယ်တို့တွင် ဆန်းသစ်တီထွင်မှုနှင့် စွမ်းဆောင်ရည်ပြည့်ဝစွာဆောင်ရွက်လျက်ရှိသော ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အစည်းများကို နှစ်စဉ်ရွေးချယ်၍ အသိအမှတ်ပြုချီးမြှင့်ပေးခြင်း ဖြစ်ပါသည်။ သက်ဆိုင်ရာနိုင်ငံများမှ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အစည်းများအနေဖြင့် သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ အဆိုပါဆုအား ပါဝင်ယှဉ်ပြိုင်လျှောက် ထားနိုင်သည်။ (၁၃) ကြိမ်မြောက် (WTPO Conference ) ညီလာခံကို ၂၀၂၂ ခုနှစ်၊ မေလ (၁၇) ရက်နေ့မှ (၁၈) ရက်နေ့အထိ ဂါနာနိုင်ငံ၊ အာကရာမြို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး၊ ကမ္ဘာအရပ်ရပ်မှ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အစည်းနှင့် အစိုးရဌာနများအပါအဝင် စုစုပေါင်းအဖွဲ့အစည်း (၈၀) နီးပါးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။ မြန်မာကုန်သွယ်မှုမြှင့်တင်အဖွဲ့သည် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၂၄) ရက်နေ့မှ (၂၅) ရက်နေ့အထိ မော်ရိုကိုနိုင်ငံ၊ မာရာကက်ချ်မြို့၌ ကျင်းပသော (၁၀) ကြိမ်မြောက်ညီလာခံနှင့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၂၅) ရက်နေ့မှ (၂၆) ရက်နေ့အထိ ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့၌ ကျင်းပသော (၁၁) ကြိမ်မြောက်ညီလာခံတို့တွင် ပါဝင် တက်ရောက်ခဲ့ပါသည်။

Source: Internet Websites ( ကောင်းထွဋ်အောင်)

## လျှပ်စစ်ကားဈေးကွက်




Customers buying gasoline at a station in Hà Nội. VNA/VNS Photo Trần Việt

ကမ္ဘာ့ဈေးကွက်တွင် လျှပ်စစ်အားသွင်းသည့် Charging port ထည့်သွင်းထုတ်လုပ်ထားသော လျှပ်စစ်ကားများ plug-in vehicle (PEV) ထုတ်လုပ်ရောင်းချရမှုသည် ၂၀၂၂ ခုနှစ်၊ မေလတွင် ယခင်နှစ်စကာလတူနှင့် နှိုင်းယှဉ်ပါက ၅၅ ရာခိုင်နှုန်း မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ တရုတ်နိုင်ငံ၏ ကိုဗစ်ရောဂါဆိုင်ရာ ကန့်သတ်ချက်များ ဖြေလျှော့လိုက်သည့်အတွက် ယခင်အမြင့်ဆုံးရောင်းအားသို့ ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့်လက အစီးရေ ၆၉၉,၀၀၀ အထိ ရှိခဲ့ပါသည်။ အဆိုပါရောင်းအားသည် ကားဈေးကွက်၏ ၁၂ ရာခိုင်နှုန်း ဖြစ်ပါသည်။ (ဘက်ထရီလျှပ်စစ်ကားများ battery-powered electric vehicle (BEV) က ရောင်းအား ၈.၆ ရာခိုင်နှုန်း ရှိ) ကြိုးမဲ့အားသွင်းစနစ်အသုံးပြုသည့် Plugless Hybrid လျှပ်စစ်ကားများ (PHEVs) တစ်နည်းအားဖြင့် Wireless Electric Vehicle Charging System (WEVCS) စနစ်အသုံးပြုထားသည့် လျှပ်စစ်ကားများ ရောင်းအားမှာမူ ၂၀၂၂ ခုနှစ်တွင် မြင့်တက်ခဲ့သော်လည်း ၂ လဆက်တိုက် ရောင်းအားသိသိသာသာ ထိုးကျသွားခဲ့သည်ကို တွေ့ရှိရပြီး ၂၀၂၃ ခုနှစ်အစတွင် ဆက်လက်ကျဆင်းမည်ဟု ခန့်မှန်းထားကြပါသည်။

၂၀၂၂ ခုနှစ်၊ မေလတွင် ဘက်ထရီလျှပ်စစ်ကား (BEV) ရောင်းအားသည် Charging port ထည့်သွင်းထုတ်လုပ်ထားသော လျှပ်စစ်ကားများ (PHEVs) ရောင်းအားထက် ပိုမိုရောင်းချရသည်ကို တွေ့ရှိရပြီး ယခင်နှစ်ထက် ၆၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ PHEVs လျှပ်စစ်ကားများသည် ယခင်နှစ်ရောင်းအားထက် ၃၇ ရာခိုင်နှုန်းမြင့်တက်ခဲ့သော်လည်း ဥရောပဈေးကွက်တွင် ရောင်းအားစတင်ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။ နှစ်စမှ ယခုလအထိ ရောင်းအားတွင် Charging port ပါဝင်သော လျှပ်စစ်ကားများက ဈေးကွက်ရောင်းအား၏ ၁၁ ရာခိုင်နှုန်း ဆက်တိုက်ရယူထားနိုင်သည်ကို တွေ့ရှိရပါသည်။ (ဘက်ထရီလျှပ်စစ်ကားများ (BEV) က ရောင်းအား ၈.၁ ရာခိုင်နှုန်းရှိ)

Source: CleanTechnica https:// cleantechnica. com /2022/06/29/ electric-car-sales-global-top-20/

(လွဲ့လွဲ့နှင်း)

## ဗီယက်နမ်နိုင်ငံဘဏ္ဍာရေးဝန်ကြီးဌာနက စက်သုံးဆီဆိုင်ရာစည်းကြပ်ကောက်ခံသည့် အခွန်(Petrol Tax) များ လျှော့ချကောက်ခံမည့် အစီအစဉ်

ကမ္ဘာအနှံ့အပြားတွင် စက်သုံးဆီဈေးနှုန်းများ မြင့်တက်လျက်ရှိရာ နိုင်ငံအသီးသီးမှ အစိုးရတို့သည် နည်းလမ်းများစွာအသုံးပြု၍ စက်သုံးဆီဈေးနှုန်း မြင့်တက်မှုမရှိစေရေးနှင့် ဈေးနှုန်းသင့်တင့်စေရေး ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြရာ ဗီယက်နမ်နိုင်ငံအစိုးရအနေဖြင့် စက်သုံးဆီဆိုင်ရာစည်းကြပ်ကောက်ခံသည့် အခွန်အခ (Petrol Tax) များအား လျှော့ချကောက်ခံသွားမည့်အစီအစဉ်ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရန် ကြိုးပမ်းလျက်ရှိပါသည်။ ဗီယက်နမ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် စက်သုံးဆီဆိုင်ရာစည်းကြပ်ကောက်ခံသည့် အခွန်အခများလျှော့ချကောက်ခံမည့်အစီအစဉ်အား ခွင့်ပြုချက်ရရှိစေရန် လာမည့်အောက်တိုဘာလတွင် ကျင်းပပြုလုပ်မည့် လွှတ်တော်အစည်းအဝေးသို့ တင်ပြသွားမည်ဖြစ်ပါသည်။ ဗီယက်နမ်နိုင်ငံအစိုးရအနေဖြင့် စက်သုံးဆီလက်လီဈေးနှုန်းလျှော့ချနိုင်ရေး အစီအစဉ်အား လွှတ်တော်သို့တင်ပြရန်အတွက် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ဇူလိုင်လ ၁၈ ရက်နေ့တွင် ညွှန်ကြားခဲ့ပါသည်။ အထူးသဖြင့် ဗီယက်နမ်နိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် စက်သုံးဆီ



အပေါ် လက်ရှိစည်းကြပ် ကောက်ခံလျက်ရှိသည့် ယစ်မျိုးခွန် (Excise Tax) နှင့် ကုန်စည်နှင့် ဝန်ဆောင်မှုအပေါ် စည်းကြပ်ကောက်ခံသည့် ထပ်ဆင့်တိုးတန်ဖိုးမြှင့်ခွန် (Value-Added Tax-VAT) တို့အား ဖြတ်တောက်လျှော့ချခြင်း အစီအစဉ်အား သုံးသပ်တွက်ချက်စေရေးနှင့် အဆိုပါလျှော့ချမှုကြောင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ (State Budget) အပေါ် အကျိုးသက်ရောက်မှုများအား စိစစ်သုံးသပ်သွားရေးတို့ကို ဂရုတစိုက်ဆက်လက်လုပ်ဆောင်သွားရန် ညွှန်ကြားခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံ၏ လက်ရှိစက်သုံးဆီလက်လီဈေးနှုန်းစနစ်များတွင် စက်သုံးဆီတစ်လီတာ ဈေးနှုန်းအတွက် အခွန်အကောက် ၄ မျိုး လွှမ်းခြုံပါဝင်ကြောင်းနှင့် အဆိုပါအခွန်အကောက်များမှာ သွင်းကုန်အခွန် (Import Tax) ၁၀ ရာခိုင်နှုန်း၊ ကုန်စည်နှင့် ဝန်ဆောင်မှုအပေါ် စည်းကြပ်ကောက်ခံသည့် ထပ်ဆင့်တိုးတန်ဖိုးမြှင့် အခွန် (Value-Added Tax-VAT) ၁၀ ရာခိုင်နှုန်း၊ တစ်လီတာလျှင် သဘာဝပတ်ဝန်းကျင် ကာကွယ်မှုဆိုင်ရာအခွန် (Environmental Protection Tax) ဗီယက်နမ် ဒေါင် ၁,၀၀၀ တို့ပါဝင်ပြီး ယစ်မျိုးခွန် (Excise Tax) အနေဖြင့် ဓါတ်ဆီအမျိုးအစားများဖြစ်ကြသည့် RON 95 အတွက် ၁၀ ရာခိုင်နှုန်း၊ E5 အတွက် ၈ ရာခိုင်နှုန်းနှင့် E10 အတွက် ၇ ရာခိုင်နှုန်းစည်း ကြပ်ကောက်ခံလျက်ရှိကြောင်းနှင့် ရေနံနှင့် ဓာတုထွက်ကုန်ပစ္စည်းများကိုမူ အဆိုပါ အခွန်များစည်းကြပ်ကောက်ခံခြင်းတို့မှ ကင်းလွတ်ခွင့်ပြုထားပါသည်။

ဗီယက်နမ်နိုင်ငံတွင် ရေနံထွက်ကုန်ပစ္စည်းများအတွက် စုစုပေါင်း အခွန်အကောက်နှင့် အခြားကုန်ကျစရိတ်များသည် စက်သုံးဆီ လက်လီဈေးနှုန်း၏ ၂၈ ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်းအထိပါဝင်ကြောင်း သိရှိရပါသည်။ ဗီယက်နမ်နိုင်ငံ စက်သုံးဆီရောင်းဝယ်ဖြန့်ဖြူးရေးအသင်း (Viet Na, Petroleum Association) ၏ အချက်အလက်များအရ RON 95-III စက်သုံးဆီတစ်လီတာ၏ ဈေးနှုန်းတွင် အခွန်ဗီယက်နမ်ဒေါင် ၁၀,၀၀၀ နှင့် အခြားကျသင့်ငွေ ဗီယက်နမ်ဒေါင် ၁,၀၀၀ ထက်မနည်း ပါဝင်ကြောင်း၊ ဗီယက်နမ်နိုင်ငံရှိ ကုမ္ပဏီများအနေဖြင့် စီးပွားရေးနှင့် ထုတ်လုပ်မှုပြန်လည်ကောင်းမွန်လာစေရန် စက်သုံးဆီဆိုင်ရာ အခွန်လျှော့ပေါ့ပေးမှုအား စောင့်ဆိုင်းလျက်ရှိကြပါသည်။ ဗီယက်နမ်နိုင်ငံ၌ လက်ရှိစက်သုံးဆီဈေးနှုန်းမြင့်တက်မှုအခြေအနေသည် အနာဂတ်ကာလတွင် ဆက်လက်တည်ရှိနေမည်လားဆိုသည်ကို မခန့်မှန်းနိုင်ကြောင်းနှင့် ကုန်ဈေးနှုန်းဆိုင်ရာအညွှန်းကိန်းများနှင့် ငွေကြေးဖောင်းပွမှုကြီးမားလာနိုင်သည့်အပေါ် ဖိအားများစွာရှိနေကြောင်း ဒုတိယဝန်ကြီးချုပ် Le Minh Khai က ပြောကြားခဲ့ပါသည်။ သို့ဖြစ်၍ ၎င်းအနေဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာနအား ဂရုတစိုက်စိစစ်တွက်ချက်ရန် ညွှန်ကြားထားပြီး အဆိုပါတွက်ချက်မှုအရ ပိုမိုလျှော့ချနိုင်မည်ဆိုပါက စားသုံးသူဈေးဆနှုန်းအညွှန်းကိန်း (Consumer Price Index) အပေါ် ကြီးမားသည့်သက်ရောက်မှုများမရှိစေရန် ရှောင်ရှား၍ စက်သုံးဆီအားစည်းကြပ်ကောက်ခံသည့် အခွန်များဖြစ်သည့် ကုန်စည်နှင့်ဝန်ဆောင်မှုအပေါ် စည်းကြပ်ကောက်ခံသည့် ထပ်ဆင့်တိုးတန်ဖိုးမြှင့်အခွန် (Value-Added Tax-VAT) နှင့် စားသုံးခွန် (Consumption Tax) များကို ပိုမိုလျှော့ချကောက်ခံပေးသွားရန် ညွှန်ကြားထားပါသည်။

စက်သုံးဆီဈေးနှုန်း ကျဆင်းသွားစေရေး ပတ်ဝန်းကျင်ညစ်ညမ်းစေမှုမှ ကာကွယ်ရန်စီမံပြုလုပ်ထားသည့် စက်သုံးဆီ (Unleaded Petrol) အတွက် နိုင်ငံတော်မှ အထူးအခွင့်အရေးပေးထားသော သွင်းကုန်အခွန် (Most Favoured Nation-MFN Tariff) အား လက်ရှိစည်းကြပ်ကောက်ခံသည့် နှုန်းထား ၂၀ ရာခိုင်နှုန်းမှ ၁၀ ရာ ခိုင်နှုန်းသို့ လျှော့ချကောက်ခံသွားရန် အဆိုပြုတင်ပြထားကြောင်း သိရှိရပါသည်။ ဗီယက်နမ်နိုင်ငံအစိုးရသည် ရေနံနှင့် ဓာတု

ထွက်ကုန်ပစ္စည်းများအတွက် နိုင်ငံတကာစံနှုန်းများနှင့် အညီ လက်ရှိအချိန်တွင် MFN tariff ကို ၇ ရာခိုင်နှုန်း စည်းကြပ်ကောက်ခံလျက်ရှိကြောင်း သိရှိရပါသည်။ ဘဏ္ဍာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ စက်သုံးဆီသည် ထုတ်လုပ်မှု၊ စီးပွားရေးလုပ်ငန်းများ လှုပ်ရှားလည်ပတ်မှုနှင့် လူတို့၏ လူမှုဘဝတွင် အရေးပါသည့် မဟာဗျူဟာအရ မရှိမဖြစ်လိုအပ်သော ကုန်ပစ္စည်းတစ်ခုဖြစ်ကြောင်း၊ လက်ရှိစက်သုံးဆီဈေးနှုန်းများမြင့်တက်ခြင်းနှင့် စက်သုံးဆီထောက်ပံ့မှုပြတ်တောက်ခြင်းသည် ထုတ်လုပ်မှုနှင့် စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းသုံးကုန် ကျစရိတ်များအပါအဝင်လူတို့၏ သုံးစွဲမှုအပေါ် ကြီးမားသောအကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေကြောင်း၊ စက်သုံးဆီထောက်ပံ့မှုပြတ်တောက်ခြင်းသည် ဗီယက်နမ်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းလုပ်ဆောင်မှုများကို နှေးကွေးသွားစေနိုင်ကြောင်း ဒုတိယဝန်ကြီးချုပ်က ပြောကြားပါသည်။

လက်ရှိအချိန်တွင် နိုင်ငံတွင်းသို့ ပတ်ဝန်းကျင်ညစ်ညမ်းစေမှုမှကာကွယ်ရန် စီမံပြုလုပ်ထားသည့် စက်သုံးဆီ (Unleaded Petrol) ကို တင်သွင်းမှုမရှိကြောင်းနှင့် ၎င်းတို့အနေဖြင့် ရေနံနှင့် ဓာတုထွက်ကုန်ပစ္စည်းများအတွက် MFN Tariff ကို မပြောင်းမလဲထားရှိရန် အဆိုပြုတင်ပြထားကြောင်း ဗီယက်နမ်နိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြောကြားပါသည်။ အခွန်လျှော့ချခြင်းဆိုင်ရာအဆိုပြုချက်သည် ပြည်တွင်းစက်သုံးဆီဈေးနှုန်းများကို လျော့ကျစေရန် တစ်ခုတည်းသောရွေးချယ်ပိုင်ခွင့် နည်းလမ်းတစ်ခုဖြစ်ပြီး လာမည့်အောက်တိုဘာလတွင် ကျင်းပပြုလုပ်မည့် လွှတ်တော်အစည်းအဝေးအထိမစောင့်ဆိုင်းသင့်ဟု ကျွမ်းကျင်ပညာရှင်များက ဝေဖန်ပြောဆိုထားကြောင်းနှင့် လွှတ်တော်အနေဖြင့် အထူးကိစ္စရပ်တစ်ခုအဖြစ် ချက်ချင်းဖြေရှင်းဆောင်ရွက်သင့်သည်ဟုလည်း Le Minh Khai က ပြောကြားပါသည်။ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအရ အဆိုပါအဆိုပြုတင်ပြချက်အား အောက်တိုဘာလ လွှတ်တော်သို့တင်ပြရမည်ဖြစ်ပြီး နိုဝင်ဘာလရောက်မှသာ အခွန်လျှော့ပေါ့ခြင်းကိစ္စရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်လိမ့်မည်ဟု ဟန္နိုင်းစီးပွားရေးနှင့် နည်းပညာတက္ကသိုလ်မှ ကထိကဖြစ်သူ Nguyen Ngou Yu က ပြောကြားခဲ့ပြီး လက်ရှိအချိန်တွင် စက်သုံးဆီဈေးနှုန်းများ မြင့်တက်လျက်ရှိသကဲ့သို့ ကုန်စည်နှင့် ဝန်ဆောင်မှုဈေးနှုန်းများသည်လည်း အဆမတန်မြင့်တက်လျက်ရှိသည်ဟု ဆက်လက်ပြောကြားခဲ့ပါသည်။

Source: Viet Nam News (ပြည့်ဖြိုးအောင်)

## ဗီယက်နမ်၏ ရေထွက်ကုန်များအပေါ် ကိုဗစ်တားမြစ်ချက်များဖြေလျှော့ပေးလိုက်သည့် တရုတ်နိုင်ငံ

ဗီယက်နမ်မှ တရုတ်နိုင်ငံသို့တင်ပို့သည့် ရေထွက်ကုန်များတွင် ကိုဗစ်ရောဂါပိုးတွေ့ရှိပါက ယာယီပိတ်ပင်တားဆီးသည့်ဒဏ်ရိုက်မှုအား တရုတ်အာဏာပိုင်တို့က ဆက်လက်လုပ်ဆောင်တော့မည်မဟုတ်ဟု ဟန္နိုင်းရှိ တရုတ်သံရုံးမှ ထုတ်ပြန်ချက်အရ သိရပါသည်။ ဗီယက်နမ်မှ တရုတ်သို့တင်ပို့လိုက်သည့် မည်သည့်ကုန်သေတ္တာ၌မဆို ကိုဗစ်ပိုးတွေ့ရှိပါက တွေ့ရှိသည့် ကုန်သေတ္တာအလုံးတိုင်း အား (၇) ရက်တားမြစ်ထားမှုဖြင့် ဗီယက်နမ်ပို့ကုန်လုပ်ငန်းရှင်များက ရင်ဆိုင်ရလေ့ရှိပါသည်။ ယခုအခါ တရုတ်ဘက်မှ ဒဏ်ရိုက်ခြင်းမပြုတော့သဖြင့် ကုန်သွယ်မှုမူလအခြေအနေသို့ ပြန်လည်ရောက်ရှိလာသည့်ပုံပေါ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ၎င်း၏ zero Covid ဗျူဟာအရ ထိခိုက်ဆုံးရှုံးမှုများကို လျှော့ချရန် ကြိုးပမ်းလာသည့်ပုံပေါ်ကြောင်း၊ ယခုအခါ ဗီယက်နမ်ဘက်မှ ပို့ကုန်တင်ပို့မှု ပိုမိုလွယ်ကူလာကြောင်း ယခင်က ရက်သတ္တ (၃)ပတ် ဒဏ်ရိုက်ခြင်းခံခဲ့ရသည့် ဗီယက်နမ်ရေထွက်ကုန်လုပ်ငန်းရှင်တစ်ဦးက မှတ်ချက်ပြုပြောကြားပါသည်။ ဗီယက်နမ်မှ တရုတ်သို့ ပို့ကုန်တင်ပို့သူများစွာတို့မှာ ရောဂါပိုးတွေ့ရှိသည်ဟု အကြောင်းပြချက်ဖြင့် ၎င်းတို့၏ပို့ကုန်များကို ရက်သတ္တများစွာကြာသည်အထိ တားဆီးပိတ်ပင်ခဲ့မှုနှင့် ရင်ဆိုင်ခဲ့ကြရဖူးပါသည်။ ယခုနှစ် ပထမ (၆)လအတွင်း ဗီယက်နမ်မှ တရုတ်သို့ အမေရိကန်ဒေါ်လာ (၄၂၇.၆) သန်း တန်ဖိုးရှိ ရေထွက်ကုန်များကို တင်ပို့ခဲ့ရပြီး၊ ယခင်နှစ်ကထက် (၁၀၇) ရာခိုင်နှုန်းပိုမိုခဲ့ကြောင်း ဗီယက်နမ်ရေထွက်ကုန်ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း (VASEP).မှ ထုတ်ပြန်ချက်အရ သိရပါသည်။ ယခုကဲ့သို့ တရုတ်ဘက်မှ ဖြေလျှော့မှုများကြောင့် နောက်လာမည့်နှစ်ဝက်အတွင်း ပင်လယ်စာများကို ပိုမိုတင်ပို့သွားရန်လည်း မျှော်လင့်ထားကြပါသည်။

Source: vnexpress.net (ရွှေစင်ကို)

## တရုတ်ပြည်တွင်းသကြားဖြူဈေးနှုန်း ကျဆင်းနေ

ဇူလိုင်လ တတိယရက်သတ္တပတ် အစောပိုင်းတွင် ပထမတန်းစား သကြားဖြူ၏ ပျမ်းမျှဈေးနှုန်းမှာ တစ်တန်လျှင် (၅,၈၅၂)ယွမ် ရှိခဲ့ပြီး၊ ၎င်းရက်သတ္တပတ်နှောင်းပိုင်း၌ တစ်တန်လျှင် (၅,၈၅၀)ယွမ် ဖြစ်ခဲ့သဖြင့် တစ်ပတ်အတွင်း ဈေးနှုန်း (၀.၀၃) ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ၎င်းဈေးနှုန်းမှာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင်မှု (၃.၇၂)

ရာခိုင်နှုန်းမြင့်တက်လာသည်ကို တွေ့ရပါသည်။ ဇူလိုင်လအတွင်း တရုတ်နိုင်ငံ၏ ပြည်တွင်းသကြားရောင်းချရန် ဖိအားများမြင့်နေပြီး၊ ဩဂုတ်လအတွင်း ချဉ်းနင်းဝင်ရောက်လာချိန်၌ သိုလှောင်သည့်ဘက်မှ ဖိအားများ လျော့နည်းလာပါသည်။ အောက်တိုဘာလတွင် တရုတ်နိုင်ငံမြောက်ပိုင်းရှိ သကြားမုန်လာများမှ ထုတ်လုပ်သောသကြားများ စတင်ထုတ်လုပ်တော့မည်ဖြစ်ရာ တရုတ်သကြားကုမ္ပဏီများက သိုလှောင်မှုများကို တဖြည်းဖြည်းချင်း လျှော့ချလာကြပါသည်။ ဇွန်လကုန်၌ တရုတ်နိုင်ငံရှိ စုစုပေါင်းသကြားထုတ်လုပ်မှုမှာ တန်ချိန် (၉.၅၆) သန်းရှိခဲ့ပြီး၊ ယခင်နှစ်ကထက် တန်ချိန် (၁.၁၁) သန်း လျော့နည်းခဲ့ကြောင်း၊ စုစုပေါင်းသကြားရောင်းချရမှုမှာ တန်ချိန် (၆.၀၁) သန်းရှိခဲ့ပြီး၊ ယခင်နှစ်ကထက် တန်ချိန်(၈၂၀,၀၀၀) လျော့နည်းခဲ့ကြောင်း၊ စက်မှုလုပ်ငန်းများဘက်မှ သိုလှောင်ထားရှိမှုမှာ တန်ချိန်(၃.၅၅) သန်းရှိပြီး၊ ယခင်နှစ်ကထက် တန်ချိန် (၂၉၀,၀၀၀) လျော့နည်းခဲ့ကြောင်း သိရပါသည်။ လက်ရှိအချိန်တွင် တစ်ကမ္ဘာလုံးရှိ သကြားထုတ်လုပ်မှုကို ကမ္ဘာ့တောင်ဘက်ခြမ်းမှ ဘရာဇီးလ်နိုင်ငံက လွှမ်းမိုးထားပါသည်။ ဘရာဇီးလ် ICMS အခွန်လျှော့ချသည့် ဥပဒေပြဌာန်းထားသော်ငြားလည်း၊ ရေနံစိမ်းဈေးကွက်မတည်ငြိမ်မှုကြောင့် ကြံပင်များမှ အီသနောလောင်စာထုတ်လုပ်သည့် ဈေးကွက်မှာ အားကောင်းနေသဖြင့် သကြား - အရက်ထုတ်လုပ်သည့်အချိုးမှာ ကျဆင်းနေပါသည်။ ဇွန်လ ဒုတိယပတ်အတွင်း သကြား - အရက်ထုတ်လုပ်မှုအချိုးမှာ (၄၃) ရာခိုင်နှုန်းမှ (၄၅.၄၆) ရာခိုင်နှုန်းသို့ အနည်းငယ်မြင့်တက်လာသည်ကို တွေ့ရပါသည်။ သွင်းကုန်များကိုတင်သွင်းရာ၌ ကုန်ကျစရိတ်များ နေခြင်းနှင့် နွေရာသီ၌ သကြားစားသုံးမှု အမြင့်ဆုံးသို့ ရောက်ရှိတတ်ခြင်းတို့ကြောင့် နောက်ပိုင်းကာလများတွင် သကြားဈေးနှုန်းမှာ အလွယ်တကူတက်လာနိုင်ပြီး၊ ပြန်လည်ကျဆင်းနိုင်ခြေနည်းပါးကြောင်း၊ တရုတ်ပြည်တွင်း သကြားဈေးကွက် အားကောင်းလာရန် မျှော်မှန်းမထားသည့်ဖြစ်ရပ်များက လွှမ်းမိုးကောင်းလွှမ်းမိုးနိုင်ကြောင်း သုံးသပ်ထားကြပါသည်။

Source: SunSirs (ရွှေစင်ကို)

## ပိုးသတ်ဆေးပါဝင်မှုနှင့်ပတ်သက်၍စိုးရိမ်ထိတ်လန့်မှုကြောင့် ရေခဲမုန့်အမျိုးအစား(၄)မျိုးအား ဟောင်ကောင်ဒေသ၌ ဈေးကွက်မှ ဖယ်ရှားခဲ့

ကင်ဆာရောဂါ ဖြစ်ပွားစေနိုင်သောကြောင့် ဥရောပသမဂ္ဂမှတားမြစ်ထားသော ethylene oxide ပိုးသတ်ဆေးမှာ Haagen-Dazs ရေခဲမုန့်အမျိုးအစား (၄) မျိုးတွင် ပါဝင်




နိုင်သောကြောင့် ဟောင်ကောင်ဒေသအစားအစာဘေးကင်းလုံခြုံရေးစင်တာမှ စားသုံးသူများမစားသုံးရန် တိုက်တွန်းထားသဖြင့် အဆိုပါရေခဲမုန့် (၂)မျိုးအား စူပါမားကတ်မှ ဖယ်ရှားခဲ့ကြောင်း ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့ထုတ် The Standard သ တင်းစာ၌ "Four ice-cream products pulled amid pesticide fears" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။ အဆိုပါ သတင်းဆောင်းပါး၌ ၃-၇-၂၀၂၂ ခုနှစ်နှင့် ၁၇-၇-၂၀၂၃ ခုနှစ်မတိုင်မီ စားသုံးရန်သင့်လျော်သည့် Haagen-Dazs Vanilla Ice Cream Pint (၄၇၃ မီလီလီတာ)၊ Haagen-Dazs Vanilla Ice Cream Bulk (၉.၄၆ လီတာ) Haagen-Dazs Vanilla Ice Cream Mini (၁၀၀ မီလီ လီတာ Haagen-Dazs Vanilla Ice Cream Mini (၇၅ မီလီလီတာ)တို့အား ရောင်းချနေမှုမှ ရပ်တန့်ခဲ့ကြောင်း၊ အဆိုပါ ရေခဲမုန့်များမှာ ပြင်သစ်နိုင်ငံ၌ ပြုလုပ် ခြင်းဖြစ်ပြီး General Mills Hong Kong မှ တင်သွင်းခဲ့ခြင်းဖြစ် ကြောင်း၊ အဆိုပါ ရေခဲမုန့် (၂) မျိုးအား စားသုံးသူများ ဝယ်ယူပြီးလျှင် မစားသုံးရန် အစားအစာဘေးကင်းလုံခြုံရေး စင်တာမှ ပြောကြားထားကြောင်း၊ အဆိုပါ ရေခဲမုန့်များ၌ ဥရောပသမဂ္ဂမှ အသိအမှတ်ပြုထားခြင်းမရှိသော ethylene oxide ပါဝင်သည်ကို ဥရောပသမဂ္ဂ ၏ Rapid Alert System for Food and Feed (RASFF) မှ သတိပေးချက်အား အစားအစာဘေးကင်းလုံခြုံရေးစင်တာအနေဖြင့် ရရှိခဲ့ကြောင်း၊ RASFF မှ ရရှိသော အချက်အလက်များအရ ethylene oxide ပါဝင်သောရေခဲမုန့်များ ဟောင်ကောင်ဒေသသို့ တင်သွင်းခဲ့သည်ကိုတွေ့ရှိခဲ့ကြောင်း၊ အစားအစာဘေးကင်းလုံခြုံရေး စင်တာမှ အဆိုပါကုန်ပစ္စည်းအုပ်စုများအား ပြန်လည်စစ် ဆေးရန်နှင့် သင့်လျော်သည့်ဆောင်ရွက်မှုများပြုလုပ်ရန် တိုက်တွန်းပြောကြားခဲ့ကြောင်း၊ ကုန်သည်များအနေဖြင့်လည်း အဆိုပါပစ္စည်းများရှိပါက ရောင်းချမှုအားရပ်တန့်ရန် ပြောကြားခဲ့ကြောင်းစသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

Source:https://www.thestandard.com.hk/breaking-news/section/4/192129/Four-ice-cream-products-pulled-amid-pesticide-fears (အေးသီခိုင်)

## ၂၀၂၂ ခုနှစ် တရုတ်နိုင်ငံအပြည်ပြည်ဆိုင်ရာခရီးသွား ဈေးပွဲ China International Travel Mart (CITM-2022)





တရုတ်နိုင်ငံယူနန်ပြည်နယ် ကူမင်းမြို့တွင်(၂၂-၇-၂၂)မှ (၂၄-၇-၂၂) အထိ ၂၃ နှစ်မြောက် တရုတ်နိုင်ငံအပြည်ပြည်ဆိုင်ရာခရီးသွားဈေးပွဲ China International Travel Mart (CITM) ကို တရုတ်နိုင်ငံ၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ တရုတ်နိုင်ငံ၊ လေကြောင်းပို့သန်းရေးကြီးကြပ်ရေးနှင့် ယူနန်ပြည်နယ်ပြည်သူ့အစိုးရတို့ ပူးပေါင်းစီစဉ်ကျင်းပပြုလုပ်ရန် ရှိပါသည်။ သို့ဖြစ်၍ မြန်မာကောင်စစ်ဝန်ချုပ်ရုံး(ကူမင်း) အနေဖြင့် အဆိုပါပွဲတွင် ပါဝင်ပြသနိုင်ရေး စီစဉ်ဆောင်ရွက်လျှက်ရှိရာ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်ရှိ မြန်မာနိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များ၏ ကျောက်မျက်ရတနာများ၊ မြန်မာ့ထွက်ကုန် ယွန်းထည်ပစ္စည်းများနှင့် အခြားသော စိတ်ဝင်စားဖွယ် မြန်မာထွက်ကုန်ပစ္စည်းများနှင့် မြန်မာ့လဖက်ရည်ကို နမူနာကျွေးမွေးခြင်းနှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ရှင်းလင်းဆောင်ရွက်နိုင်ရန် ခင်းကျင်းပြသဆွေးနွေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ (၂၂-၇-၂၂) ရက်နေ့တွင် ဖွင့်ပွဲအခမ်းအနားကို ကျင်းပမည်ဖြစ်ပြီး မြန်မာကောင်စစ်ဝန်ချုပ် (ကူမင်း) ဦးသော်တာအောင်နှင့် စီးပွားရေးသံမှူး ဒေါက်တာဝေရီလင်းတို့ တက်ရောက်ကြမည်ဖြစ်ပြီး နောက်ဆုံးနေ့ဖြစ်သည့် (၂၄-၇-၂၀၂၂) ရက်နေ့တွင် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု RCEP နှင့် တရုတ်-လာအိုမီးရထားလမ်းဆိုင်ရာ ဖိုရမ်များကိုလည်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

Source: 2022 CITM: Visit Qujing for exploring source of River Pearl – Lifestyle –云桥网英文 (yunnangateway.com)

(ဝေရီလင်း)

## တရုတ်နှင့် ရုရှားနိုင်ငံတို့ နှစ် ၃၀ သက်တမ်းရှိ ဓာတ်ငွေ့သဘောတူညီချက်သဘောတူ




ဆက်သွယ်ဝယ်ယူမည့် ပိုက်လိုင်းသစ်နေရာပြမြေပုံ

တရုတ်နိုင်ငံသို့ ရုရှားသည် ပိုက်လိုင်းဓာတ်ငွေ့ LNG ရောင်းချနေလျှက်ရှိရာ ထပ်မံ၍ ဆိုက်ဘေးရီးယားပရောဂျက် Gazprom မှတဆင့် တရုတ်နိုင်ငံသို့ ဓာတ်ငွေ့ ၁၀ ဘီလီယံကုဗမီတာ ထပ်တိုးရောင်းချရန်ဖြစ်ပြီး သုံးနှစ်အတွင်းပိုက်လိုင်းအသစ်များမှ တဆင့်တင်ပို့သွားမည်ဖြစ်ကြောင်း ရုရှားသည် ယူကရိန်းထက် ဥရောပနှင့် ထိပ်တိုက်တွေ့နေကြောင်း သတင်းရင်းမြစ်တွင် ဖော်ပြထားပါသည်။ ပိုက်လိုင်းသစ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဓာတ်ငွေ့ရောင်းချရန် နှစ် ( ၃၀ )စာချုပ်ကို ရုရှားနိုင်ငံက သဘောတူညီခဲ့ပြီး ဓာတ်ငွေ့ရောင်းချမှုအသစ်ကို ယူရိုဖြင့်ပေးချေသွားမည်ဖြစ်ကြောင်း ယူကရိန်းနှင့် အခြားနိုင်ငံများအကြား မော်စကို၏ အနောက်နိုင်ငံများနှင့် တင်းမာနေသည့် ဆက်ဆံရေးကြားတွင် ပေကျင်းနှင့် စွမ်းအင်မဟာမိတ်အဖြစ် အားကောင်းစေမည်ဖြစ်ကြောင်း ဖော် ပြထားပါသည်။

ပိုက်လိုင်းဖြင့် ရုရှားဓာတ်ငွေ့တင်ပို့မှုတွင် လက်ဝါးကြီးအုပ်ထားသည့် Gazprom သည် တစ်နှစ်လျှင် ဓာတ်ငွေ့ကုဗမီတာ ၁၀ ဘီလီယံဖြင့် တရုတ်အစိုးရ၏အထင်ကရ စွမ်းအင်ကုမ္ပဏီ CNPC ကို ရောင်းချပေးရန် သဘောတူခဲ့ကြောင်း ရုရှားကုမ္ပဏီနှင့် ဘောဂျင်းအခြေစိုက် စက်မှုလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ ရုရှား၏အရှေ့ဖျားဒေသနှင့် တရုတ်နိုင်ငံနှင့် အရှေ့မြောက်ပိုင်းကို ဆက်သွယ်ပေးမည့် ပိုက်လိုင်းမှတစ်ဆင့် ပထမဆုံးစီးဆင်းသည့် ပိုက်လိုင်းသည် (၂ )နှစ်မှ (၃)နှစ်အတွင်း စတင်မည်ဟု Gazprom ၏ သဘောတူညီချက်ကို ကြေငြာပြီးနောက် သတင်းရင်းမြစ်က ထွက်ပေါ်လာသော မှတ်ချက်များတွင် ပြောကြားခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် ရုရှားသည် သဘာဝဓာတ်ငွေ့ရည် (LNG) ပေးပို့သည့် ၎င်း၏ Power of Siberia ပိုက်လိုင်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ ဓာတ်ငွေ့များ ရောင်းချမှုကိုစတင်ခဲ့ပြီး ရုရှားနိုင်ငံမှ တရုတ်နိုင်ငံသို့ ဓာတ်ငွေ့များပေးပို့ နေပြီဖြစ်ကြောင်း ၎င်းသည် ၂၀၂၁ ခုနှစ်တွင် တရုတ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့ ၁၆.၅ ဘီလီယံကုဗမီတာ (bcm) တင်ပို့ခဲ့ကြောင်း Power of Siberia ကွန်ရက်သည် တင်းကျပ်သော ထောက်ပံ့မှုများအပါအဝင် မော်စကိုနှင့် ဖြစ်ပေါ်သော ဆက်ဆံရေးတင်းမာမှုကြောင့် ဓာတ်ငွေ့ဈေးနှုန်းများ တဟုန်ထိုးတက်နေသော ဥရောပသို့ ဓာတ်ငွေ့ပို့သည့် ပိုက်လိုင်းများနှင့် ချိတ်ဆက်ထားခြင်းမရှိကြောင်း ယခင်ရေးဆွဲခဲ့သည့် အစီအစဉ်များအရ ရုရှားသည် ၂၀၂၅ ခုနှစ်တွင် ပိုက်လိုင်းဖြင့် တရုတ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့ ၃၈ ဘီလီယံကုဗမီတာ ရောင်းချရန် ရည်မှန်းထားကြောင်း ဘေဂျင်းဆောင်းရာသီ အိုလံပစ်ပွဲတော်သို့ ရုရှားသမ္မတဗလာဒီမာပူတင် လာရောက်လည်ပတ်သည့် အချိန်နှင့်တိုက်ဆိုင်သော သဘောတူညီချက်သစ်သည် နောက်ထပ် ၁၀ ဘီလီယံကုဗမီတာ တိုးလာကာ တရုတ်နိုင်ငံသို့ နှစ်ရှည်စာချုပ်များအောက်တွင် ရုရှားပိုက်လိုင်းများမှ တဆင့် ရောင်းချမှုတိုးလာမည်ဖြစ်သည်။

အဆိုပါ သဘောတူညီချက်အရ ယူရိုငွေဖြင့် ပေးချေသွားမည်ဖြစ်ကြောင်း အမေရိကန်ဒေါ်လာကို အခြေပြုသုံးစွဲနေမှုမှ ပြောင်းလဲစေရန် ပြည်နယ်နှစ်ခု၏ ကြိုးပမ်းမှုများနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံသို့ ဓာတ်ငွေ့ပေးပို့သည့် ကီလိုမီတာ ၄၀၀၀ (မိုင်၂၅၀၀) ခန့် ရှည်လျားသောပိုက်လိုင်းဖြစ်သည့် Power of Siberia စတင်



တည်ထောင်ပြီးနောက် ကုမ္ပဏီနှစ်ခုကြား ဆွေးနွေးမှုများ စတင်ခဲ့ခြင်းဖြစ်ကြောင်း ပေကျင်းသည် မကြာသေးမီက ၎င်း၏ ၂၀၆၀ ကာဗွန်ကြားနေရေးပန်းတိုင် carbon neutral goal ချမှတ်ပြီးနောက် ဆွေးနွေးပွဲများ ပိုမိုအရှိန်မြှင့်လာခဲ့ကြောင်း ဖေါ်ပြထားပါသည်။ ပြီးခဲ့သောနှစ် ၂၀၂၁ ခုနှစ် တရုတ်နိုင်ငံ၏ ကျောက်မီးသွေးပြတ်လပ်မှုသည် သဘာဝဓာတ်ငွေ့၏ အထူးတန်ဖိုးရှိကြောင်း နိုးကြားစေသောကြောင့် CNPC က ပိုက်လိုင်းသဘောတူညီချက်သစ်များကို ဖြည့်ဆည်းရန် ဆုံးဖြတ်ခဲ့ကြောင်း သတင်းရင်းမြစ်က ပြောကြားခဲ့ကြောင်း တရုတ်နိုင်ငံသည် LNG တင်သွင်းမှုတိုးတက်သောတစ်ခုတည်းသော အကြီးဆုံးနိုင်ငံအဖြစ် ဆက်လက်တည်ရှိနေမည်ဟု IEA က ပြောကြားခဲ့သော်လည်း ရုရှားမှ ပိုက်လိုင်းစီးဆင်းမှု များပြားလာမှုကြောင့် အလုံးစုံဓာတ်ငွေ့ဝယ်လိုအား တိုးတက်မှုသည် ၂၀၂၁ ခုနှစ်တွင် ၁၇% ရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် တိုးတက်မှုနှုန်း ၉% သို့ ကျဆင်းသွားခဲ့၍ တိုးတက်မှုနှေးကွေးခြင်းဖြစ်ပေါ်ကြောင်း ဖေါ်ပြထားပါသည်။

Source: www.reuters.com/world/asia-pacific/exclusive-russia-china-agree-30-year-gas-deal-using-new-pipeline-source-2022-02-04/ (ဝေရီလင်း)

## ရုရှား-ယူကရိန်းပဋိပက္ခကြောင့် ဆန်တင်ပို့မှုတွင် လှုပ်ခတ်မှုမရှိသေးကြောင်း ထိုင်းနိုင်ငံဆန်တင်ပို့ရောင်းချသူများအသင်းက မကြာသေးမီက ပြောကြားခဲ့သော်လည်း ရေနံဈေးနှုန်းများ မြင့်တက်မှုကြောင့် ရေရှည်တွင် အကျိုးသက်ရောက်မှုရှိနိုင်

ထိုင်းနိုင်ငံသည် ယမန်နှစ်က ရုရှားနိုင်ငံသို့ ဆန်တန်ချိန် ၆၀၀၀ ခန့်နှင့် ယူကရိန်းနိုင်ငံသို့ ဆန်တန်ချိန် ၂၀၀၀ ခန့် တင်ပို့ခဲ့ကြောင်း ထိုင်းနိုင်ငံဆန်တင်ပို့ရောင်းချသူများအသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌဖြစ်သူ Chookiat Ophaswongse က ပြောကြားခဲ့ပါသည်။ သို့သော် ရုရှားနိုင်ငံမှ ဂျုံတင်ပို့မှုကို ပိတ်ပင်ထားခြင်းကြောင့် အခြေအနေပြောင်းလဲသွားနိုင်ပြီး ဆန်နှင့် အခြားသောနံစားသီးနှံများ ဈေးတက်နိုင်မည်ဖြစ်ကြောင်း ၎င်းကပြောကြားပါသည်။ အဆိုပါ အခြေအနေသည် အလားအလာရှိသော ဝယ်သူများ၏ အော်ဒါမှာယူမှုများအပေါ် သက်ရောက်မှုရှိနိုင်မည် ဖြစ်ပါသည်။ ထိုင်းနိုင်ငံမှ ဥရောပ၊ အထူးသဖြင့်ပြင်သစ်နှင့် အာဖရိကရှိ အဓိကဈေးကွက်များသို့ ပင်လယ်ရေကြောင်းဖြင့် ဆန်တင်ပို့မှုများသည် ရုရှားနိုင်ငံနှင့် ယူကရိန်းကို ဖြတ်ကျော်မှုမရှိသောကြောင့် ထိခိုက်မှုမရှိကြောင်း Chookiat က ထပ်လောင်းပြောကြားခဲ့ပါသည်။ ရေနံဈေးနှုန်းသည် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ အထက်တက်ပါက သယ်ယူပို့ဆောင်ခ ဈေးနှုန်းမြင့်တက်နိုင်မည်ဖြစ်ရာ နိုင်ငံများသည် ထိုင်းနိုင်ငံထက် ပို၍နီးပြီးဈေး

သက်သာသောနိုင်ငံများမှ ဆန်ကို ရွေးချယ်ဝယ်ယူမည်ဖြစ်သော်လည်း ထိုင်းနိုင်ငံအနေဖြင့် အရှေ့အလယ်ပိုင်းရှိ နိုင်ငံတစ်နိုင်ငံချင်းစီသို့ နှစ်စဉ် ဆန်တန်ချိန် ၁ သန်းထက်မနည်း တင်ပို့နေ၍ ယခုနှစ်အတွက် ဆန်တန်ချိန် ၇ သန်း တင်ပို့မည့် လျာထားချက်ကို ပြည့်မီအောင် တင်ပို့နိုင်မည်ဖြစ်ကြောင်း Chookiat က ပြောကြားခဲ့ပါသည်။

အရှေ့အလယ်ပိုင်းဈေးကွက်သည် ဆန်တင်ပို့မှုကျဆင်းခဲ့သော်လည်း ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ ပြန်လည်မြင့်တက်လာခဲ့ပါသည်။ ထိုင်းနိုင်ငံ နိုင်ငံခြားကုန်သွယ်ရေးဦးစီးဌာန (DFT) သည် ဆန်စပါးကဏ္ဍအတွက် ရေးဆွဲထားပြီးဖြစ်သည့် မဟာဗျူဟာကို လက်ရှိအခြေအနေနှင့် ကိုက်ညီအောင် ပြင်ဆင်ရေးဆွဲ၍ ထိုင်းဆန်အကြောင်း သိရှိမှုမြင့်တင်လာစေရန် အွန်လိုင်းလှုပ်ရှားမှုများပြုလုပ်ရန် စီစဉ်ထားရှိကြောင်း DFT ၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Pitak Udo–mwichaiwat ကပြောကြားခဲ့ပါသည်။ DFT သည် တရုတ်၊ ဟောင်ကောင်၊ ဂျပန်၊ ဖိလစ်ပိုင်၊ မလေးရှား၊ စင်ကာပူနိုင်ငံတို့နှင့် ကုန်သွယ်မှုခိုင်မာလာစေရန် အဓိကထား စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အလားအလာရှိသော ဝယ်သူများနှင့် virtual အစည်းအဝေးများကျင်းပခြင်းအပြင် ဆန်တင်ပို့မှုတွင် ထိုင်းနိုင်ငံ၏ နံပါတ် ၁ ပြိုင်ဘက်ဖြစ်သည့် ဗီယက်နမ်နိုင်ငံနှင့် ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှာဖွေသွားမည်ဖြစ်သည်။ ကွန်တိန်နာပြတ်လပ်မှုပြဿနာ လျော့ပါးသွားခြင်းကြောင့် ထိုင်းနိုင်ငံ၏ ပို့ကုန်ကဏ္ဍသည် ယခုနှစ်တွင် ကောင်းမွန်သင့်သော်လည်း သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ်များက မြင့်တက်နေသေးကြောင်း Pitak ပြောကြားပါသည်။ ထိုင်းဆန်ဈေးနှုန်းသည် ငွေလဲလှယ်နှုန်းထားကြောင့် ယခုအချိန်အထိ သင့်တင်သောဈေးနှုန်းတွင်ရှိနေပြီး ငွေကြေးယခုထက်ပို၍ ခိုင်မာလာခြင်းမရှိပါက အဆိုပါအခြေအနေသည် ဆက်လက်တည်ရှိနေမည်ဖြစ်သည်။ ထို့အပြင် DFT သည် ထိုင်းဆန်ကို နိုင်ငံတကာကုန်စည်ပြပွဲများတွင် ပါဝင်ပြသရန်စီစဉ်လျက်ရှိပြီး လက်ရှိတွင် ဆော်ဒီအာရေးဗီးယားနိုင်ငံဈေးကွက်သို့ တင်ပို့နိုင်ရန် လေ့လာလျက်ရှိသည်။ DFT က ဆော်ဒီအာရေဗျနိုင်ငံ၏ အဓိကဆန်တင်ပို့ရောင်းချသူများနှင့် ချိတ်ဆက်နိုင်ရန်နှင့် ဈေးကွက်လိုအပ်ချက်များကို သိရှိနိုင်ရန်အတွက် ထိုင်းနိုင်ငံသံတမန်များကို လေ့လာမှုများပြုလုပ်နိုင်ရန် တောင်းဆိုထားကြောင်း ၎င်းကပြောကြားပါသည်။ ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုအခြေအနေလျော့ပါးလာပါက DFT သည် ဆန်ပို့ကုန်လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ပြီး G to G သဘောတူညီမှုအနေဖြင့် အီရတ်နိုင်ငံနှင့် MoU ရေးထိုးရန် စောင့်ဆိုင်းလျက်ရှိကြောင်း၊ သို့ရာတွင် ပုဂ္ဂလိကကဏ္ဍမှ အီရတ်နိုင်ငံသို့ ဆန်များတင်ပို့လျက်ရှိပြီဖြစ်ကြောင်းဖြင့် Pitak က ပြောကြားပါသည်။

Source: Rice News Today (ခက်ခက်နွယ်ဖူး)

## ထိုင်းနိုင်ငံ၏ GI ရထားသည့်ဆန် တမူထူးခြား

ထိုင်းနိုင်ငံ၏ ပထဝီဝင်သွင်ပြင်လက္ခဏာများဖြစ်သော မြေဆီလွှာ၊ လေနှင့်ရေစသည့် မွေးရာပါ ဝိသေသလက္ခဏာများဖြင့် သီးနှံများစိုက်ပျိုးရာတွင် အထောက်အကူဖြစ်စေပါသည်။ ပထဝီဝင်အညွှန်း GI ပါသော ထိုင်းဆန်သည် ၎င်း၏အရသာနှင့် အခြားသောအံ့သြဖွယ်ရာ ဂုဏ်ရည်များတွင် ထူးခြားမှုရှိပါသည်။ လက်ရှိတွင် ထိုင်း GI ဆန်မျိုးကွဲ ကိုးမျိုးရှိပါသည်။ ပထမအမျိုးအစားဖြစ်သည့်ဆန်မှာ လန်နာဖြစ်ပြီး ကင်ဆာကာကွယ်ပေးသည့် ကမ်အဟာရပြည့်ဝသော ကောက်ညှင်းဆန် ဖြစ်ပါသည်။ ဒုတိယ အမျိုးအစားမှာ Luem Phua Rice of Phetchabun ဆန်ဖြစ်ပြီး ၎င်းသည်မွှေး၍ နူးညံ့သည့်အရသာရှိပြီး အဟာရပြည့်ဝသော အနက်ရောင်ဆန်ဖြစ်ပါသည်။ တတိယ အမျိုးအစားမှာ Sao Hai ၏ Fluffy ဆန်ဖြစ်ပြီး၊ အလွယ်တကူ မပျက်စီးစေဘဲ ပုံသဏ္ဍာန်ထိန်းသိမ်းထားသော ထမင်းကိုရရှိစေသည့် ဆန်ဖြစ်ပါသည်။ စတုတ္ထအမျိုးအစားမှာ Chumphon of Pathiu Yellow Rice ဆန်ဖြစ်ပြီး ချက်ပြုတ်သည့် အခါနူးအိပြီး အမြန်ချက်ပြုတ်နိုင်သည့် စပါးရှည်ဆန် အမျိုးအစားဖြစ်ပါသည်။ လမ်းဘေးအစားအစာရောင်းချရာတွင် အလွန်သင့်တော်သည့်ဆန်ဖြစ်ပါသည်။ ပဉ္စမအမျိုးအစားမှာ မွှေးကြိုင်သည့်အနံ့ရှိသော ကောက်ညှင်းဆန်နှင့် နီညိုရောင်ရှိသည့် ကောက်ညှင်းရှည်ဆန်ဖြစ်ပြီး antioxidants များကြွယ်ဝစွာ ပါဝင်ပါသည်။ ဆဋ္ဌမအမျိုးအစားမှာ Thung Kula Rong Hai Hom Mali Rice ဆန်ဖြစ်ပြီး ထိုင်းနိုင်ငံ၏ အကောင်းဆုံးဟုန်မာလီဆန်ရှည်အဖြူဖြစ်ကာရနံ့ မွှေးပျံ့ပြီး နူးညံ့သည့် အရသာရှိပါသည်။ သတ္တမအမျိုးအစားမှာ Surin Hom Mali Rice ဆန်ဖြစ်ပြီး အဖြူရောင် ဆန်လုံးရှည်ဖြစ်ကာ ထမင်းချက်သည့်အခါ နူးညံ့ပြီး စိုစွတ်နေပါသည်။ အဋ္ဌမအမျိုးအစားမှာ Hang Hom Sakonthawapi ဆန်လုံးသွယ်ပုံစံဖြစ်သည့် စပါးရွှေညိုဆန်ဖြစ်ပြီး အဟာရများစွာပါဝင်ပါသည်။ နဝမအမျိုးအစားမှာ Kalasin ကောက်ညှင်းဆန်ဖြစ်ပြီး နူးညံ့သော်လည်း ပျော့အိအိမနေဘဲ ရနံ့မွှေး၍ အချိန်ကြာမြင့်စွာ အရသာရှိသည့်ဆန်မျိုး ဖြစ်ပါသည်။

Source: Rice News Today (ရီရီဝင်း)




## စိုက်ပျိုးရေးအခြေခံ စားသောက်ကုန်လုပ်ငန်းများ၏ အလားအလာ (၂၀၂၂)

သစ်သီးဖျော်ရည်၊ နို့၊ အချိုရည်၊ ဖြည့်စွက်စာ (အရည်)၊ ဘီယာ၊ ဝိုင်နှင့် အဖျော်ယမကာများကဲ့သို့ စိုက်ပျိုးရေးအခြေခံစားသောက်ကုန်များကို အဓိကလယ်ယာထွက်ကုန်များ စတင်ထုတ်လုပ်သည်မှ ဈေးကွက်အတွင်းအသင့်စားသုံးနိုင်သောအစားအစာများ ဖြန့်ဖြူးရောင်းချသည်အထိ အဆင့်တိုင်းတွင် မူဝါဒ၊ ဈေးကွက်ယှဉ်ပြိုင်မှု၊ ထုတ်ကုန်အရည်အသွေး၊ စံချိန်စံညွှန်းသတ်မှတ်ချက်များ၊ စားသုံးသူအခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့ကိုပါ ထည့်သွင်းစဉ်းစား၍ ထုတ်လုပ်ရောင်းချရန် လိုအပ်ပါသည်။ စိုက်ပျိုးရေးအခြေခံ စားသောက်ကုန်များ ထုတ်လုပ်ရောင်းချမှုသည် ကမ္ဘာ့လူဦးရေ တိုးမြင့်လာသည်နှင့်အမျှ ရေရှည်တွင် အလားအလာကောင်းသော ကဏ္ဍတစ်ခုဖြစ်လာမည်ဖြစ်ပြီး တစ်ဦးချင်းသုံးစွဲနိုင်သည့် ဝင်ငွေတိုးမြင့်လာသည့် အာရှလူလတ်တန်းစားတစ်ရပ်နှင့်အတူ လယ်ယာထွက်စားသောက်ကုန်စည်များ ဝယ်လိုအားလည်းမြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ ဝယ်လိုအား တည်ငြိမ်သောစားသောက်ကုန်ဈေးကွက်သည် မူဝါဒ အပြောင်းအလဲများ၊ နိုင်ငံရေးမတည်ငြိမ်မှုများ၊ နိုင်ငံခြားငွေလဲလှယ်မှုနှင့် ငွေကြေးဈေးကွက် မတည်ငြိမ်မှုများကြောင့် ဆိုးရွားစွာထိခိုက်ခြင်းမျိုး မရှိခဲ့ပါ။ စားသုံးသူများ၏ သုံးစွဲမှုနှုန်း (Con-sumers Spending) မြင့်မားလေ့ရှိသော ဖွံ့ဖြိုးပြီးနိုင်ငံများ၏ စိုက်ပျိုးရေးကဏ္ဍသည် ကပ်ရောဂါကာလများတွင် ထုတ်လုပ်မှုကျဆင်းခဲ့သော်လည်း အချိန်တိုအတွင်းပြန် လည်နာလန်ထူနိုင်သည်ကို တွေ့ရှိရပါသည်။ ဘေးကင်းပြီး အာဟာရပြည့်ဝသည့် အစားအစာများအတွက် စိုက်ပျိုးရေး အခြေခံမှုများအား လိုက်နာသည့် ထုတ်လုပ်မှုကွင်းဆက်ကို တောင်းဆိုလာကြပြီး အော်ဂဲနစ်အစားအစာများ၏ ဝယ်လိုအားသည် မြင့်တက်လာလျက်ရှိသည်ကို တွေ့ရှိရပါသည်။ လယ်ယာထွက်စားသောက် ကုန်များအနက် အဖျော်ယမကာ ထုတ်လုပ်သည့် ကုမ္ပဏီများ၏ အမြတ်ရရှိမှုမှာလည်း သိသိသာသာ ာမြင့်မားလျက်ရှိသည်ကို တွေ့ရှိရပါသည်။ အဓိကစိန်ခေါ်မှုများအနေဖြင့် ကမ္ဘာ့ဈေးကွက်လိုအပ်ချက် အလိုက် ထုတ်လုပ်နိုင်ရန်လိုအပ်ပြီး ဈေးကွက်အတွင်း ယှဉ်ပြိုင်သူ၊ ထုတ်ကုန်အမျိုးအစား၊ စားသုံးသူ၏အကြိုက်၊ ရွေးချယ်မှုနှင့် မျှော်မှန်းချက်များအလိုက် အရသာနှင့် အနံ့များ၊ ထုပ်ပိုးမှုပုံစံများမှ ကြော်ငြာမိတ်ဆက်ပုံအထိ အရေးပါသောအချက်များကို ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်ပါသည်။ အဓိက ထည့်သွင်းစဉ်းစားရမည့်အချက်များမှာ- စိုက်ပျိုးရေးအခြေခံဒေသ စားသောက်ကုန်များကို ဦးစားပေးဝယ်ယူလာကြသည်ကို တွေ့ရှိရသည့်အတွက် ထုတ်ကုန်အသစ်များ တိုးမြင့်ထုတ်လုပ်ရန် လိုအပ်လာပြီး တစ်ဖက်တွင်လည်း လုပ်သားအင်အားရှားပါးမှုပြဿနာသည် ကိုင်တွယ်ဖြေရှင်းရန်လိုအပ် လာသည့် အချက်တစ်ခုဖြစ်ပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဈေးကွက်တည်ငြိမ်၍ ယှဉ်ပြိုင်မှုပြင်းထန်သောကြောင့် ထုပ်ပိုးပြီးအစားအစာများ လက်လီဖြန့်ဖြူးရောင်းချသူကုမ္ပဏီများအနေဖြင့် ဈေးကွက်နှင့် လိုက်လျောညီထွေရှင်သန်နိုင်ရန်

ကုန်စည်စျေးနှုန်းများ လျှော့ချရခြင်း၊ ကုန်စည်မိတ်ဆက်ရောင်းချရခြင်း အဆင့်မဟုတ်တော့သည့်အတွက် မတူကွဲပြားသည့် ထုတ်ပိုးမှုဒီဇိုင်းများ၊ ထုတ်ကုန်များ ဖန်တီးထုတ်လုပ်ရခြင်း၊ မဟာဗျူဟာကျသည့် ထိရောက်သောနည်းလမ်းများဖြင့် ဖြန့်ဖြူးရခြင်းတို့ကို ဆောင်ရွက်ရပြီး စျေးနှုန်းလျှော့ချရသော်လည်း သယ်ယူပို့ဆောင်မှုစရိတ်များ ကြီးမြင့်လာသည့်အခါ အခက်အခဲများကြုံတွေ့ရတတ်ပါသည်။

အစားအသောက်ထုတ်လုပ်သည့် ကုမ္ပဏီများသည် စျေးကွက်တွင်း ကုန်စည်ဖြန့်ဖြူး ရောင်းချနိုင်ရန်နှင့် စားသုံးသူထံအရောက် ဖြည့်ဆည်းရာတွင် Department Stores၊ Supermarket၊ Malls တို့ကဲ့သို့ လက်လီအရောင်းဆိုင်များကိုသာ အားထားလျက်ရှိသဖြင့် ထိရောက်ကျယ်ပြန့်စွာ ဖြန့်ဖြူးနိုင်ခြင်း မရှိသည်ကို တွေ့ရှိရပါသည်။ ကိုဗစ်ကပ်ရောဂါဖြစ်ပွားမှုကြောင့် ကာကွယ်ထိန်းချုပ်ရေးအစီအမံများ ချမှတ်ခဲ့သည့်အတွက် ဆိုင်ထိုင်စနစ်နှင့် စားသောက်ခွင့်များပိတ်ပင်ခဲ့ရာ အွန်လိုင်းမှ အစားအသောက်မှာယူသည့် ဝန်ဆောင်မှုကဏ္ဍများ အဆမတန်စျေးမြင့်လာသည့်အတွက် ရောဂါထိန်းချုပ်ကာကွယ်ရေး အစီအမံများသည်လည်း စိန်ခေါ်မှုတစ်ခုအဖြစ် ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ လက်လီအရောင်းအော့ဖ်လိုင်း (Offline Retail) ကိုသာမက အင်တာနက်ပေါ်တွင် ပေါ်ထွက်လာသော စီးပွားရေးပုံစံသစ်များမှတစ်ဆင့်လည်း ဖြန့်ဖြူးရောင်းချနိုင်ပြီး Facebook၊ Twitter၊ YouTube တို့ကဲ့သို့ ဆိုရှယ်မီဒီယာနှင့် ကွန်ရက်များ၊ အပလီကေးရှင်းနှင့် ဘလော့ဂ်များ အသုံးပြု၍ ထုတ်ကုန်မိတ်ဆက်ဖြန့်ဖြူးခြင်းသည်ယနေ့ခေတ်အသုံးများဆုံးနှင့်အထိရောက်ဆုံး နည်းလမ်းဖြစ်ပါသည်။ စိုက်ပျိုးရေးအခြေခံ စားသောက်ကုန်များထုတ်လုပ်ရာတွင် ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေးများ သုံးစွဲစိုက်ပျိုးခြင်းကြောင့် ကင်ဆာဖြစ်စေနိုင်သော မျိုးဗီဇပြောင်းလဲမှုအထိ သက်ရောက်မှုရှိခြင်းနှင့် ဖန်လုံအိမ်ဓာတ်ငွေ့ (GHG) ထုတ်လွှတ်မှုကဲ့သို့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်ပူပန်မှုများသည်လည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

ပြည်တွင်းနှင့် နိုင်ငံတကာစျေးကွက်သို့ ဖြန့်ဖြူးရောင်းချရာတွင် အမြဲပြောင်းလဲဖြစ်ပေါ်နေသော ဝယ်လိုအားနှင့် ရောင်းလိုအားအလိုက် အစားအသောက်များ ပြုပြင်ထုတ်လုပ်ခြင်းနှင့် ပြင်ဆင်ထုတ်ပိုးခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း အဆင့်တိုင်းတွင် အစားအစာဘေးကင်းရေးအတွက် သန့်ရှင်းမှုရှိစေရန် ဂရုပြုခြင်း၊ သက်ဆိုင်ရာ နိုင်ငံအလိုက် FDA ခွင့်ပြုချက် ရယူလျှောက်ထားခြင်းကဲ့သို့ မူဝါဒ၊ စံချိန်စံညွှန်းနှင့် သတ်မှတ်ထားပြီး လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာခြင်း၊ ဓာတုပစ္စည်းများ မှန်ကန်စွာအသုံးပြုခြင်း၊ မှန်ကန်သော သိုလှောင်နည်းစနစ်များကို အသုံးပြုခြင်းတို့ကိုပါဦးစားပေးအလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။ ရာသီဥတုပြောင်းလဲမှုသည်လည်း မြေဆီလွှာနှင့်ရေချိုပြုန်းတီးမှုကို ဖြစ်ပေါ်စေသည့်အတွက် သီးနှံအထွက်နှုန်းအပေါ် သက်ရောက်မှုရှိပြီး ထည့်သွင်းစဉ်းစားရမည့်အချက် ဖြစ်ပါသည်။ စိုက်ပျိုးရေးအခြေခံ စားသောက်ကုန်လုပ်ငန်းများ၏ အလားအလာအနေဖြင့် စားသောက်ကုန်စျေးနှုန်းများ ပြန်လည်မြင့်တက်လာသည့်အတွက် စိုက်ပျိုးရေးကဏ္ဍမှ တောင်သူများအနေဖြင့် အခွင့်အလမ်းများ ပြန်လည်ရရှိလာမည် ဖြစ်ပါသည်။ စျေးကွက်အတွင်း အသင့်စားသုံးနိုင်သော အစားအစာများ ဖြန့်ဖြူးရောင်းချရာတွင်မူ အစားအသောက်ဘေးကင်းရေးဆိုင်ရာ တင်းကျပ်သော စည်းမျဉ်းများကို လိုက်နာရန် လိုအပ်လာသည့်အတွက် ထုတ်လုပ်သူကုမ္ပဏီများအနေဖြင့် လိုက်ပါဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။ ကပ်ရောဂါကာလအတွင်း အချိုရည်များ၊ အဖျော်ယမကာများ အမိကရောင်းချခဲ့ရပြီး ရောဂါထိန်းချုပ်ရန်နှင့် တားဆီးကာကွယ်ရန် ပိတ်ပင်ထားသော စီးပွားရေးလုပ်ငန်းများတွင် လက်လီကုန်စုံဆိုင်များ မပါဝင်သည့်အတွက် အဖျော်ယမကာထုတ်ကုန်များ ရောင်းအားသည် သိသိသာသာမြင့်တက်ခဲ့ပါသည်။ ခွင့်ပြုထားသော အဖျော်ယမကာ ထုတ်ကုန်များအတွက် အစားအသောက်ပြုပြင် ထုတ်လုပ်ခြင်း လုပ်ငန်းများကို မဟာဗျူဟာကျကျဆောင်ရွက်နိုင်မည်ဆိုပါက စျေးကွက် တည်မြဲရေးအတွက် အထောက်အကူပြုမည်ဖြစ်ပါသည်။ အစားအသောက်ကုန်စည်များထက် ဝိုင်ကဲ့သို့ ခံစားမှုအခြေခံပြီး လူနေမှုအဆင့်အတန်းကို ဖော်ပြပေးနိုင်သော အဖျော်ယမကာ ထုတ်ကုန်များကို ပိုမိုဝယ်ယူလာကြသည့်အတွက် အကျိုးအမြတ်ရရှိရန် အလားအလာကောင်းသည့် စျေးကွက်တစ်ခုအဖြစ် တွေ့မြင်ရပါသည်။

Source: https://www.allianz-trade.com/zh_HK/resources/sectors-in-focus/agrifood. Html (လဲ့လဲ့နှင်း)

## ဗီယက်နမ် အသင့်စားခေါက်ဆွဲခြောက်များတွင် တားမြစ်ပစ္စည်းများပါဝင်နေကြောင်း ဥရောပသမဂ္ဂမှ သတိပေးချက်ထုတ်ပြန်

ဗီယက်နမ်မှ တင်သွင်းသည့် အသင့်စားခေါက်ဆွဲခြောက်များတွင် ethylene oxide ကဲ့သို့ တားမြစ်ထားသည့်ပစ္စည်းများ ပါဝင်မှုပမာဏမြင့်မားကြောင်း ဂျာမနီနိုင်ငံက သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရပါသည်။ ဗီယက်နမ်လုပ်ငန်းများကတင်ပို့နေသောအသင့်စားခေါက်ဆွဲခြော


က် အချို့အား ဥရောပသမဂ္ဂဘက်မှ သတိပေးချက်ထုတ်ပြန်ထားမှုကို လက်ခံရရှိကြောင်း ဗီယက်နမ် လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးမှုဝန်ကြီးဌာန၊ လူ၊ တိရစ္ဆာန်နှင့် အပင်တို့၏ ကျန်းမာရေး၊ ပိုးမွှားရောဂါအန္တရာယ်ကင်းစင်ရေး (SPS) အာဏာပိုင်နှင့် စုံစမ်းရေးဌာနက အတည်ပြုပြောကြားပါသည်။ ဂျာမနီနိုင်ငံမှ ထုတ်ပြန်သောသတိပေးချက်၌ Asiafoods Corporation မှ ထုတ်လုပ်သော ကြက်သားအရသာအသင့် စားခေါက်ဆွဲခြောက် (ethylene oxide ပါဝင်မှုတွင် EU စံချိန်စံညွှန်းထက် ပိုမိုများပြားနေ)နှင့် မျိုးဗီဇပြောင်းထားသည့် ဆန်ကို အသုံးပြု၍ ထုတ်လုပ်ထားသည့် Nguyen Gia ၏ pho ခေါက်ဆွဲတို့ ပါဝင်ပါသည်။ ဂျာမနီဘက်မှ ကောက်ယူစစ်ဆေးထားသည့် စားသောက်ကုန်အသုတ်ကို အတည်ပြုနေဆဲဖြစ်ကြောင်း၊ ဖြစ်နိုင်ခြေများသည် မှာ ယခင်နှစ်ကတည်းက တင်ပို့ထားသည့် စားသောက်ကုန်အသုတ်ဖြစ်နိုင်ကြောင်း စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ သိပ္ပံနှင့်နည်းပညာဌာနမှ ကိုယ်စားလှယ်တစ်ဦးက ပြောကြားထားပါ သည်။ ယခုနှစ် ဖေဖော်ဝါရီလ (၁၇) ရက်နေ့မှစ၍ ဗီယက်နမ်မှ တင်သွင်းသောအသင့်စား ခေါက်ဆွဲခြောက်များအတွက် စာရွက်စာတမ်းလိုအပ်ချက်များကို ဥရောပသမဂ္ဂဘက်မှ တောင်းဆိုခဲ့ကာ၊ သတိပေးချက်ထုတ်ပြန်လိုက်သည့် အသင့်စားခေါက်ဆွဲခြောက်များနှင့်စပ်လျဉ်း၍ ဗီယက်နမ်နိုင်ငံဘက်သို့ ပြန်လည်ပေးပို့ခြင်း မရှိသေးကြောင်းလည်း သတင်းရရှိပါ သည်။

Source: vnexpress (ရွှေစင်ကို)

## ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာဖူလုံမှုကိုခြိမ်းခြောက်လာသော ရုရှား-ယူကရိန်းပဋိပက္ခ

ယူကရိန်းကို ဝင်ရောက်တိုက်ခိုက်သည့် ရုရှား၏ လုပ်ရပ်ကို ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာအကျပ်အတည်း၏ အဓိကအကြောင်းရင်းတစ်ခုအဖြစ် ရှုမြင်လာကြပြီး နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာ အခြားဆိုးကျိုးများ ဆက်လက်ဖြစ်ပေါ်လာမည်ဟု လေ့လာသူများက သုံးသပ်ထားပါသည်။ ယူကရိန်းသည် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများနှင့် နိုင်ဂျီးရီးယားကဲ့သို့ ဝင်ငွေနိမ့်နိုင်ငံများအတွက် နေကြာဆီ၊ ဂျုံနှင့် ပြောင်းကဲ့သို့သောအစားအစာများကို အများဆုံး ထောက်ပံ့ပေးလျက်ရှိပြီး လူသန်းပေါင်း ၄၀၀ ခန့်အား တစ်နှစ်စာ အလုံအလောက်ကျွေးမွေးနိုင်သော နှံစားသီးနှံများ တင်ပို့ရောင်းချနေသည့် ဦးဆောင်နိုင်ငံတစ်ခု ဖြစ်ပါသည်။ ယူကရိန်းသည် ယမန်နှစ်က ကောက်ပဲသီးနှံတန်ချိန် ၁၀၇ သန်းဖြင့် ရိတ်သိမ်းမှုစံချိန်ချိုးခဲ့ပြီး နှစ်စဉ်တင်ပို့မှုသည် ပျမ်းမျှတန်ချိန် သန်း ၅၀ ဖြစ်ပါသည်။ ၂၀၂၀ ခုနှစ်တွင် ယူကရိန်း၏ ကောက်ပဲသီးနှံနှင့် ဆီထွက်သီးနှံတင်ပို့မှုသည် တန်ချိန် ၆၁.၅ သန်းအထိ ရောက်ရှိခဲ့ပါသည်။ ရုရှား-ယူကရိန်း ပဋိပက္ခကြောင့် ယူကရိန်း၏ စိုက်ပျိုးမြေကေများအနက် ၂၀ ရာခိုင်နှုန်းသည် အသုံးပြု၍မရတော့ဘဲ စိုက်ပျိုးရေးကဏ္ဍတွင် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၉ ဘီလီယံဆုံးရှုံးခဲ့ပြီး ပို့ကုန်ကဏ္ဍကိုပါ ထိခိုက်ခဲ့ပါသည်။ ၂၀၂၂ ခုနှစ်တွင် စိုက်ပျိုးမြေဟက်တာ ၁၉.၁ သန်းခန့်မှ တန်ချိန်သန်းပေါင်း ၇၀ ခန့် ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားရာမှ ဆိပ်ကမ်းများ ပိတ်ဆို့ခြင်း၏ ကန့်သတ်အခြေအနေများတွင် တန်ချိန် ၃၁ သန်းခန့်သာ ထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။ ကုန်ဈေးနှုန်းမြင့်တက်လာခြင်းနှင့် စားနပ်ရိက္ခာရှားပါးမှုအပြင် ဓာတ်မြေဩဇာတင်သွင်းရန် ကန့်သတ်ချက်များ ဖြစ်ပေါ်လာပြီး စိုးရိမ်မှုများ မြင့်တက်လာပါသည်။ ဓာတ်မြေဩဇာတင်သွင်းမှုခက်ခဲခြင်းကြောင့် ယခင်ကထက် ၁၅ ရာခိုင်နှုန်းခန့် ထုတ်လုပ်မှု လျော့ကျနိုင်ပါသည်။

ကမ္ဘာ့ဈေးကွက်တွင် ယူကရိန်း၏ လယ်ယာထွက်ကုန်တင်ပို့မှုပမာဏအတိုင်း စားနပ်ရိက္ခာလိုအပ်ချက် ဖြည့်ဆည်းရန် မလွယ်ကူသည့်အတွက် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံမှုကို အကြပ်ရိုက်စေခဲ့ပါသည်။ မျှော်မှန်း၍ မရနိုင်သည့် အခြေအနေများကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် စားနပ်ရိက္ခာဖူလုံရေးအစီအမံများ ချမှတ်ဆောင်ရွက်လာကြပါသည်။ ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာများအရ နိုင်ငံအများစုတွင် ဂျုံတင်ပို့မှုရပ်ဆိုင်းရန် သို့မဟုတ် လျော့ချရန် အစီအမံများ လုပ်ဆောင်လာသည်ကို တွေ့ရှိရပါသည်။ ယင်းအခြေအနေသည် ကမ္ဘာ့သီးနှံကုန်သွယ်မှု၏ ၂၅ ရာခိုင်နှုန်းအထိ ထိခိုက်ခဲ့ခြင်းဖြစ်ပြီး အဓိကအားဖြင့် ဂျုံနှင့် နေကြာဆီ မရရှိနိုင်တော့သည့်အတွက် ကမ္ဘာ့စားသောက်ကုန်ဈေးကွက်တွင် ဈေးနှုန်းများ သိသိသာသာ မြင့်တက်လာပါသည်။ ထောက်ပံ့ရေးကွင်းဆက် ထိခိုက်လာသည့်အတွက် စားသောက်ကုန်ဈေးနှုန်းများ မြင့်တက်လာကာ အစာရေစာပြတ်လပ်မှုနှင့် ငတ်မွတ်မှုတို့ကို ဖြစ်ပေါ်လာစေမည့် အခြေအနေဖြစ်ပါသည်။ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ သီးနှံဈေးနှုန်းညွှန်းကိန်းအရ ယခုနှစ် မေလတွင် ၁၇၃.၄ တွင် ရှိနေပြီး ယခင်နှစ် ကာလတူနှိုင်းယှဉ်ချက်အရ ၂၉.၇ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။ ဂျုံဈေးသည် လေးလဆက်တိုက် ဆက်လက်မြင့်တက်လျက်ရှိပြီး ယခင်နှစ်ကာလတူနှိုင်းယှဉ်ချက်အရ ၅၆.၂ ရာခိုင်နှုန်း မြင့်တက်လာပါသည်။ ကမ္ဘာ့ဘဏ်၏ ကုန်စည်ဈေးကွက် ခန့်မှန်းချက်




အရ စားသောက်ကုန်ထုတ်လုပ်မှုစရိတ်သည်လည်း ခုန်တက်မည်ဟု ခန့်မှန်းထားပြီး ကုလသမဂ္ဂစားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်းတွင်လည်း နှစ် ၆၀ အတွင်း အမြင့်ဆုံးဖြစ်ကြောင်း ဖော်ပြထားပါသည်။ ယူကရိန်း ဝင်ရောက်တိုက်ခိုက်ခံရခြင်းနှင့် ကမ္ဘာ့စားနပ်ရိက္ခာထောက်ပံ့ရေးကွင်းဆက် ထိခိုက်ခြင်းဆက်စပ်မှုကို လေ့လာရာတွင် ယူကရိန်းပို့ကုန်များ တင်ပို့ရောင်းချမှု ရပ်တန့်သွားခြင်းသည် အဓိကအချက်ဖြစ်ပါသည်။ ယခုအခြေအနေတွင် ယူကရိန်းဆိပ်ကမ်းများ ပြန်လည်ဖွင့်လှစ်ခွင့်ရရှိရေးသည် အရေးအကြီးဆုံးဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍကို ပြန်လည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယူကရိန်းသည် လစဉ်စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့မှုအားလုံး၏ ၉၀ ရာခိုင်နှုန်းသည် ပင်လယ်နက် (Black Sea) နှင့် အက်ဇော့ဖ်ပင်လယ် (Azov Sea) ဆိပ်ကမ်းများမှ တင်ပို့ခဲ့ခြင်းဖြစ်ပြီး လစဉ်တန်ချိန် ၅ သန်းမှ ၆ သန်းထိ တင်ပို့နေခြင်းဖြစ်သည်။ လက်ရှိတွင် ရုရှားဘက်မှ ပင်လယ်နက်အတွင်း စိုက်ပျိုးရေးထုတ်ကုန်များ တင်ဆောင်ထားသော ကုန်တင်သင်္ဘောအစီး ၄၀ ခန့်ကို ပိတ်ဆို့တား မြစ်ထားပါသည်။

ထောက်ပံ့ပို့ဆောင်ရေးလမ်းကြောင်း ကောင်းမွန်ရန်လိုအပ်ပြီး ကမ္ဘာ့ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းရန် ယူကရိန်းအနေဖြင့် စိုက်ပျိုးရေးကဏ္ဍနှင့် ပို့ကုန်တိုးမြှင့်ရေးကို ပြန်လည်တွန်းအားပေးဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ နှစ်နိုင်ငံအကြား စစ်ရေးအခြေအနေ တင်းမာမှုများ လျော့ကျလာခြင်းမရှိပါက ကောက်ပဲသီးနှံ စိုက်ပျိုးထုတ်လုပ်မှုနှင့် တင်ပို့မှုများ ပုံမှန်ပြန်ဖြစ်လာရန်နှင့် ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်တက်မှု၏ ဆိုးကျိုးများအတွက် နှစ်ပေါင်းများစွာအချိန်ယူရမည်ဟု ခန့်မှန်းထားကြပါသည်။ တောင်သူများသည် ဈေးငွေများပြန်မဆပ်နိုင်ဘဲ ၎င်းတို့စိုက်ပျိုးထားသည့် ကောက်ပဲသီးနှံများကို ရသည့်ဈေးဖြင့် ရောင်းချရန် နည်းလမ်းမှအပ အခြားရွေးချယ်စရာမရှိသည့် အခြေအနေဖြင့် ရင်ဆိုင်နေရသည်။ ယူကရိန်းသည် လက်ရှိတွင် ထရပ်ကားများ၊ မီးရထားနှင့် မြစ်ကြောင်းတွင်း သယ်ယူပို့ဆောင်ရေးယာဉ်များဖြင့် ပို့ကုန်တင်ပို့ရန် လမ်းကြောင်းသစ်အတွက် ကြိုးစားလျက်ရှိပြီး UA Minagro တွင် ဖော်ပြချက်အရ ကောက်ပဲသီးနှံနှင့် ဆီထွက်သီးနှံများကို တန်ချိန် ၁.၂ သန်းခန့်မှ ၂.၁၇ သန်းအထိ တင်ပို့ရန် လျာထားပြီးဖြစ်ပါသည်။ ယူကရိန်းသည် လက်ရှိတွင် ကောက်နှံတန်ချိန် သန်း ၄၀ ခန့် သိုလှောင်ထားပြီး ဇူလိုင်လကုန်တွင် ထက်ဝက်ခန့်ကို မဖြစ်မနေ တင်ပို့ရမည်ဖြစ်ပါသည်။ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအတွက် ထည့်သွင်းစဉ်းစားခြင်းမပြုနိုင်သေးခင် ဦးစားပေးဖြေရှင်းရမည့်အချက်မှာ လာမည့်ရိတ်သိမ်းရာသီတွင် ကောက်နှံများ ထပ်မံသိုလှောင်နိုင်ရန် ယူကရိန်း၏ ကောက်နှံတန်ချိန်သန်းပေါင်း ၂၀ ကို သုံးလခန့်အတွင်း တင်ပို့ရန် ဖြစ်ပါသည်။ အီးယူနှင့် ယူကရိန်းအကြား ဆက်ဆံရေးမှာ အတော်အသင့်ကောင်းမွန်လျက်ရှိပြီး ၂၀၂၂ ခုနှစ်၊ ဇွန်လ တွင် ကုန်းလမ်းကုန်စည်ပို့ဆောင်ရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ရာ အီးယူနိုင်ငံများသို့ တင်ပို့ရာတွင် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးမည်ဖြစ်ပါသည်။ အီးယူ-ယူကရိန်းသဘောတူညီမှု (Solidarity Lanes) သည် မရှိမဖြစ်လိုအပ်သော သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံတစ်ခုတည်ထောင်ရန်ဖြစ်ပြီး လက်ရှိအခြေအနေတွင် အရေးပေါ်တုံ့ပြန်ချက် တစ်ခုအဖြစ်သာမက ကာလလတ်နှင့် ကာလရှည်မျှော်မှန်းချက်များပါဝင်သည်ကို တွေ့ရှိရပါသည်။ နယ်စပ်နိုင်ငံများကလည်း သီးနှံတင်ပို့နိုင်ရေးအတွက် ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းစဉ်များကို သိသိသာသာလျှော့ချပေးခဲ့ပြီး တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

Source: Leadership https://leadership.ng/ukraine-russian-war-real-threat-to-global-food-security-enifome/ https://www.youtube.com/watch?v=voZYdvgrjrg (လဲ့လဲ့နှင်း)